ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday, 22 November 2024 ၁၁၆၄၉

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနား ကျင်းပ

## Naypyitaw State Polytechnic University မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ ရောင်းချနိုင်ခဲ့**

စာမျက်နှာ » ၉

**၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ**

စာမျက်နှာ » ၁၁

**“ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာ အမိန့်” အား ထုတ်ပြန်ထားကြောင်း အသိပေးကြေညာခြင်း**

စာမျက်နှာ » ၁၂

ကြေးမုံ

# ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ သင်ခန်းစာယူစရာများကို လေ့လာသိမြင်

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် “မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ” နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို ပြည်တွင်း၊ ပြည်ပမှ ကျယ်ကျယ်ပြန့်ပြန့် လေ့လာလိုသူများအနေဖြင့် Website နှင့် Mobile Application တို့တွင် နိုဝင်ဘာလ ၂၂ ရက်နေ့(ယနေ့)မှစ၍ လေ့လာဖတ်ရှုနိုင်ပြီဖြစ်သည်။ ရွေးကောက်ပွဲဟူသည် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ၏ ရွေးကောက်ပွဲရလဒ်ကို အဆုံးအဖြတ်ပေးသော အရေးကြီးသည့်အခင်းအကျင်းဖြစ်သည်။

ရွေးကောက်ပွဲတွင် စစ်မှန်သောရလဒ်များ ပေါ်ထွက်လာမှသာလျှင် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ပေလိမ့်မည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်း စစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ခြင်း၊ ရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည့်မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများနှင့်ပတ်သက်၍ တွေ့ရှိချက်များကို စုံလင်စွာလေ့လာကြည့်ရှုနိုင်ပြီး အမှား၊ အမှန်၊ အကောင်း၊ အဆိုးတို့ကို ကွဲကွဲပြားပြား သိရှိနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အလွန်အကျည်းတန်ရုပ်ဆိုးသော မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်း၌ ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း ရွေးကောက်ပွဲများပြုလုပ်ခဲ့သည်။ ထိုကာလများတွင်လည်း မဲမသမာမှုများရှိခဲ့သော်လည်း မဲဆန္ဒနယ် အနည်းအကျဉ်း၌သာ ဖြစ်ပေါ်ခဲ့သည်။ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်အောင် ပြုလုပ်ခဲ့ကြသူများသည် ၎င်းတို့၏ သက်ဆိုင်ရာရွေးကောက်ခံမဲဆန္ဒနယ် တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင် မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ မဲမသမာမှုများကို ပြန်လည်စိစစ်ခဲ့ချိန်တွင် မဲစာရင်းအချိုးအရ ပဲခူးတိုင်းဒေသကြီးတွင် မဲစာရင်းမှားယွင်းမှုအများဆုံးဖြစ်နေသည်ကို တွေ့ရသည်။ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း မဲမသမာမှုများကို စိစစ်တွေ့ရှိခဲ့ရသည်။

ရွေးကောက်ပွဲကို ဦးဆောင်ပြုလုပ်သူများသည် ၎င်းတို့သက်ဆိုင်ရာမဲဆန္ဒနယ်များသာမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလုံးအတိုင်းအတာအထိ မဲမသမာမှုများကို ပြုလုပ်ခဲ့ကြသဖြင့် ရွေးကောက်ပွဲတွင် မဲမသမာမှုကျူးလွန်သည့် အတိမ်အနက်အလွန်ကြီးမားသည်။ ထို့ကြောင့် ကျူးလွန်ခဲ့သည့်ပါတီအား ရွေးကောက်ပွဲဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ခဲ့ပြီး မဲမသမာမှုတွင် တာဝန်ရှိသူများသည် NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (CEC) များဖြစ်ပြီး တစ်ဦးတစ်ယောက်တည်း ကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက်ကျူးလွန်ခဲ့ကြသည်။ ယခုအခါ အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။

လာမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများ မှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး အဓိကဆောင်ရွက်သွားမည်ဖြစ်သည်။ လာမည့်ရွေးကောက်ပွဲတွင် အီလက်ထရွန်နစ်မဲပေးစက်စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ယခုအခါ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေ့ပြေးလုပ်ငန်းဖြစ်သည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို နိုင်ငံလူဦးရေ၏ ၆၃ ရာခိုင်နှုန်းကျော် ကောက်ယူခဲ့ပြီး ကောက်ယူရန်ကျန်ရှိသည့် နေရာများကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်စာရင်းကောက်ယူနိုင်မည်ဟု ခန့်မှန်းထားသည်။

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပါတီများမှတ်ပုံတင်ခြင်းများကို ဥပဒေနှင့်အညီ ခွင့်ပြုပေးထားပြီးဖြစ်ရာ တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နိုင်ငံရေးစင်မြင့်တွင် ပိုမိုပါဝင်လာရန်လိုအပ်သည်။ တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ ကျယ်ပြန့်စွာပါဝင်လာရေးအတွက် အချိုးကျကိုယ်စားပြုစနစ်(PR) စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်နှင့် အမျိုးသားလွှတ်တော်တွင် ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် စည်းကမ်းပြည့်ဝသည့် စစ်မှန်သောရွေးကောက်ပွဲစနစ် အောင်မြင်စွာပေါ်ထွန်းလာအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ မှန်ကန်စွာစိစစ်ဖော်ထုတ်ထားသည့် “မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများ” ကို စစ်မှန်သည့် ဒီမိုကရေစီစနစ်ကို တန်ဖိုးထားသော ပြည်တွင်း၊ ပြည်ပမှ အများပြည်သူတို့က မြန်မာ၊ တရုတ်၊ အင်္ဂလိပ်၊ ရုရှား၊ ဂျပန် ဘာသာစကားငါးမျိုးနှင့် လေ့လာကြည့်ရှုနိုင်ပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့်ပတ်သက်၍ သင်ခန်းစာယူစရာများကို လေ့လာထုတ်ဖော်သိရှိနိုင်မည် ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဟိန်း ကို ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။


## သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၁,၇၈၈ | ၁၅,၂၈၇,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁၈,၃၂၂ | ၅၉,၅၄၆,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၅၀၀ | ၄၉၂ | ၄,၁၈၀,၈၀၀ |
| FPB | ၁,၉၀၀ | ၂,၀၀၀ | ၇,၂၄၁ | ၁၃,၉၇၇,၉၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၁,၁၀၀ | ၃,၆၃၀,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၈၀၀ | ၂,၃၁၆ | ၄,၁၃၃,၉၀၀ |
| AMATA | ၄,၅၀၀ | ၄,၅၀၀ | ၆၆၀ | ၂,၉၇၀,၀၀၀ |
| MAEX | ၃,၂၀၀ | ၃,၂၅၀ | ၃,၃၅၆ | ၁၀,၈၇၆,၃၅၀ |
| MADPL(PLB) | ၃၄,၅၀၀ | ၃၄,၅၀၀ | ၄၅၄ | ၁၅,၆၆၃,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyitaw State Polytechnic University ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာမျိုးသိန်းကျော်နှင့် ဦးမျိုးသန့်၊ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမျိုးသိန်းကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်၊ ဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဝင်းဇော်တို့က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်ရုပ်တုနှင့် Naypyi-taw State Polytechnic University ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကိုတက္ကသိုလ်စုဝေးခန်းမ၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မျိုးဆက်သစ်အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ် "အင်ဂျင်နီယာ နှစ် ၁၀၀"သီချင်းဖြင့် သရုပ်ဖော်ကပြတင်ဆက်မှု၊ "Welcome To NSPU" သီချင်းဖြင့် သရုပ်ပြဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်နှင့် Naypyitaw State Polytechnic University ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အခမ်းအနားသည်

စာမျက်နှာ ၄ သို့ »»






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မျိုးဆက်သစ်အင်ဂျင်နီယာကျောင်းသား ကျောင်းသူများ၏ သရုပ်ဖော်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

»»» စာမျက်နှာ ၃ မှ

မြန်မာနိုင်ငံ၏ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့်မြောက်သော အချိန်ဖြစ်သည့်အပြင် အဆင့်မြင့် သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် ထူးခြားဆန်းသစ်စေမည့် နိုင်ငံ့ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေမည့် Naypyitaw State Polytechnic University ကို နိုင်ငံ၏မြို့တော် နေပြည်တော် ပြည်ထောင်စုနယ်မြေတွင် ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည့်အတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်ဝသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်ကြောင်း။

## ဂုဏ်ယူဖွယ်ရာတည်ရှိ

မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရပ်များသည် ပျူခေတ်၊ ပုဂံခေတ်မှစပြီး ထွန်းကားခဲ့သည်ကို သမိုင်းအထောက်အထား မှတ်တမ်းများအရ တွေ့ရှိရကြောင်း၊ ပျူခေတ် မြန်မာ့ဗိသုကာအမွေအနှစ်လက်ရာများကို ဗိဿနိုးမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်းနှင့် သရေခေတ္တရာမြို့ဟောင်းတို့တွင် အထင်အရှား တွေ့ရှိရကြောင်း၊ ပုဂံခေတ်တွင် တည်ထားခဲ့သည့် အာနန္ဒာဘုရား၊ သဗ္ဗညုဘုရား၊ ဓမ္မရံကြီး ဘုရားများတွင်ရှိသည့် ဗိသုကာလက်ရာများသည် မြန်မာတို့၏ ဗိသုကာပညာရပ်အဆင့်အတန်းမြင့်မားမှုကို အထင်အရှားဖော်ပြနေကြောင်း၊ ထို့ပြင် ပုဂံမင်းလက်ထက် အမရပူရမြို့စာရေး ဦးပိန် တည်ဆောက်ခဲ့သည့် တစ်မိုင်နီးပါးရှည်လျားသော ဦးပိန်တံတားသည် ကျွန်းသစ်ကို သာအသုံးပြုထားသည့် ကမ္ဘာ့အရှည်ဆုံး သစ်သားတံတားတစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ တည်ရှိနေကြောင်း။

ရတနာပုံခေတ်တွင် အင်ဂျင်နီယာပညာများ ဖွံ့ဖြိုးတိုးတက်ရာ၌ ၁၈၅၈ ခုနှစ်မှ ၁၈၇၄ ခုနှစ်အတွင်း မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီးက ဒင်္ဂါးစက်ရုံ၊ မဲနယ်စက်ရုံ၊ သကြားစက်ရုံ၊ သဘော်စက်ရုံ၊ ဝါဂွမ်းစက်ရုံ၊ ရက်ကန်းစက်ရုံ စသည့် ရတနာပုံခေတ်စက်ရုံများကို တည်ထောင်ခဲ့ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် မောင်ရွှေအိုးက ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်ရှိသည့် ဇဟိုဝိဇ္ဇာ တက္ကသိုလ်မှ သိပ္ပံပညာမဟာဝိဇ္ဇာဘွဲ့အပြင် မြို့ပြအင်ဂျင်နီယာဘွဲ့ကို ရရှိခဲ့ကြောင်း၊ ၁၈၆၇ ခုနှစ်တွင် ဖန်ချက်ပညာဆိုင်ရာ စာတမ်းကို ဆက်သွင်းခဲ့သဖြင့် ဖန်ချက်ဝန်အဖြစ် ခန့်အပ်ခံရသည့် မြန်မာ့ပထမဦးဆုံးသော အင်ဂျင်နီယာလည်းဖြစ်ကြောင်း၊ ၁၈၆၆ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်သည် အီတလီနိုင်ငံ၏ ဟိုတယ်ဒီဇိုင်းကို အခြေခံပြီး ယောမင်းကြီးအုတ်ကျောင်းကို မန္တလေးမြို့တွင် တည်ဆောက်နိုင်ခဲ့ကြောင်း၊ ၁၈၆၉ ခုနှစ်တွင် ယောမင်းကြီး ဦးဘိုးလှိုင်က မြန်မာ့ကြေးနန်းရိုက်နည်းဆိုင်ရာ လီပိဒီပိကာကျမ်းကို ရေးသားပြုစုခဲ့ပြီး ၁၈၇၀ ပြည့်နှစ်တွင် မြန်မာ့ကြေးနန်းလိုင်းများကို စတင်သွယ်တန်းခဲ့ကြောင်း။

## စတင်ဆောက်လုပ်နိုင်ခဲ့

၁၈၇၂ ခုနှစ်တွင် ကင်းဝန်မင်းကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဗြိတိန်နှင့် အခြားဥရောပနိုင်ငံများကို သွားရောက်ခဲ့ပြီး လမ်းနှင့်တံတားတည်ဆောက်မှုအပါအဝင် အနောက်တိုင်းပညာရေးစနစ်များ၊ အုပ်ချုပ်မှုနှင့် အခြေခံအဆောက်အအုံများကို လေ့လာခဲ့ကြောင်း၊ ၁၈၇၄ ခုနှစ်တွင် စစ်ကိုင်းသံဖိုရုံကို အုတ်မြစ်ချစတင်ဆောက်လုပ်နိုင်ခဲ့ပြီး ပြင်သစ်တွင် သံချက်ပညာသင်ယူခဲ့သည့် သံချက်ဝန်မင်း ဦးမြူက ကြီးကြပ်ပြီး သံပွတ်လုံးမှအစ သံပြား၊ သံလုံး၊ သံမြှောင်များ၊ လက်နက်များ ပြုလုပ်နိုင်ခဲ့ကြောင်း။

လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၆၀ ပြည့်နှစ်တွင် "လျှပ်စစ်မီးဖြင့် လောကနိဗ္ဗာန် တည်ဆောက်အံ့" ကြွေးကြော်သံဖြင့် ၈၄ မဂ္ဂါဝပ်ရှိသည့် ဘီလူးချောင်းအမှတ်(၂) လောပိတရေအားလျှပ်စစ်စက်ရုံကို တည်ဆောက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ၁၆၈ မဂ္ဂါဝပ်အထိ တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်အစောပိုင်းတွင် တက္ကသိုလ်များ ကွန်ပျူတာစင်တာကို တည်ထောင်ခဲ့ပြီး ICL–1902S Mainframe အမျိုးအစား ကွန်ပျူတာစက်ကြီးတစ်လုံးကို ပထမဆုံး ကွန်ပျူတာအဖြစ် တပ်ဆင်ခဲ့ပြီး ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတွင် အသုံးပြုခဲ့ကြောင်း။

ခေတ်အဆက်ဆက်တွင် မြန်မာ့အင်ဂျင်နီယာနှင့်ဗိသုကာပညာရှင်အမြောက်အမြား ပေါ်ထွန်းခဲ့ကြောင်း၊ ရန်ကုန်မြို့တော်ခန်းမကို မြန်မာ့ဗိသုကာပညာရှင် စည်သူဦးတင်က နိုင်ငံခြားသားပညာရှင်များနှင့် ပူးပေါင်းပြီး ဥရောပလက်ရာနှင့် မြန်မာ့ရိုးရာ ဗိသုကာလက်ရာတို့ပေါင်းစပ်ပြီး ဒီဇိုင်းရေးဆွဲခဲ့ကြောင်း။

ယခု ၂၁ ရာစုတွင်လည်း နေပြည်တော် မြို့တော်တည်ဆောက်ရေးနှင့် နေပြည်တော်တွင်ရှိသည့် လွှတ်တော်အဆောက်အအုံများကို မြန်မာ့ရိုးရာယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာများနှင့် ခြယ်မှုန်းပြီး မြန်မာဗိသုကာပညာရှင်များ၊ မြန်မာအင်ဂျင်နီယာများက တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားကိုးကွယ်ထားသည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသည် ဘူမိဖဿမုဒြာစကျင်ကျောက် ရုပ်ပွားတော်ဖြစ်ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အလေးချိန်အများဆုံး စကျင်ကျောက် ရုပ်ပွားတော်ကြီးတစ်ဆူအဖြစ် မြန်မာ့အင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် CNC နည်းပညာကို အသုံးပြုပြီး အောင်မြင်စွာ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း၊

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Naypyitaw State Polytechnic University ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေးစဉ်။



Naypyitaw State Polytechnic University ကို တွေ့ရစဉ်။

»»» **စာမျက်နှာ ၄ မှ**

ထို့အပြင် အရှည်ပေ ၈၆၃၈ ပေရှိသည့် Cable–Stayed တံတားအမျိုးအစား ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်–၃) ကိုလည်း မြန်မာ့အင်ဂျင်နီယာ ပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဇွန်လမှာ ဂုဏ်ယူဝင့်ကြွားစွာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေးသမိုင်းကြောင်းကို ပြန်ပြောင်းကြည့်မည်ဆိုပါက ၁၉၂၃–၁၉၂၄ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်၌ အင်ဂျင်နီယာဌာန စတင်ဖွင့်လှစ်နိုင်ခဲ့ခြင်းကို မြန်မာနိုင်ငံအင်ဂျင်နီယာ ပညာရေး၏ အစဟု ဆိုနိုင်မည်ဖြစ်ကြောင်း၊ ၁၉၂၄–၁၉၂၅ ပညာသင်နှစ်တွင် မြို့ပြအင်ဂျင်နီယာသင်တန်းကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၂၈ ခုနှစ်တွင် မြန်မာ့ပထမဦးဆုံး အင်ဂျင်နီယာဘွဲ့ရ ၂၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း။

၁၉၆၁ ခုနှစ်တွင် ယခုလက်ရှိ အင်းစိန်မြို့နယ် ကြို့ကုန်းတွင်ရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်နေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် မန္တလေးစက်မှုတက္ကသိုလ်၊ ၁၉၉၄ ခုနှစ်တွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ ၁၉၉၆ ခုနှစ်တွင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၊ ၁၉၉၈ ခုနှစ်တွင် ပြည်နည်းပညာတက္ကသိုလ်၊ ၂၀၀၂ ခုနှစ်တွင် အရှေ့တောင်အာရှတွင် တစ်ခုတည်းသော တက္ကသိုလ်ဖြစ်သည့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတော်ကအားထားရသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ကွန်ပျူတာပညာရှင်များကို အရည်အချင်းပြည့်မီစွာ မွေးထုတ်ပေးနိုင်ရန် အတွက် Naypyitaw State Polytechnic University နှင့် Polytechnic University ခုနစ်ခု၊ နည်းပညာတက္ကသိုလ် ၂၇ ခု၊ ကွန်ပျူတာတက္ကသိုလ် ၁၉ ခု၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တစ်ခု၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်တစ်ခု စုစုပေါင်း အင်ဂျင်နီယာပညာရပ်သင်ကြားပို့ချပေးသည့် တက္ကသိုလ် ၅၆ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် Naypyitaw State Polytechnic University နှင့်အတူ Polytechnic University ငါးခုကို **ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်** ယနေ့တစ်ပြိုင်နက်တည်း ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ကို တစ်ပါတည်း ပြောကြားလိုကြောင်း။

Polytechnic University ဆိုသည်မှာ သိပ္ပံ၊ နည်းပညာ၊ အင်ဂျင်နီယာ၊ သင်္ချာပညာရပ်နှင့် အသုံးချသိပ္ပံ၊ စီးပွားရေး၊ စီမံခန့်ခွဲမှုဆိုင်ရာ အဆင့်မြင့်ပညာရပ်များကို ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများအထိ လက်တွေ့ကျကျ လေ့ကျင့်သင်ကြားမှုများအပြင် လက်တွေ့လုပ်ငန်းခွင်နှင့် ချိတ်ဆက်သင်ကြားပို့ချပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ ကျောင်းသားများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက် လက်တွေ့ကျသည့် ပညာရေးကို သင်ကြားပို့ချပေးခြင်း၊ ခေတ်မီနည်းပညာနှင့် သုတေသန ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခြင်း၊ လုပ်ငန်းခွင်တွင် လိုအပ်သည့်ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းလိုအပ်ချက်ကိုက်ညီပြီး ကောင်းစွာကျွမ်းကျင်တတ်မြောက်သည့် ဘွဲ့ရများ မွေးထုတ်ပေးခြင်း၊ စက်မှုလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ရသည့် Real World Project များ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းနှင့် လုပ်ငန်းခွင်အတွေ့အကြုံများ ရရှိနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ပိုလီတက္ကနစ်တက္ကသိုလ်များကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် Polytechnic University များသည် ဘာသာရပ် နယ်ပယ်စုံလင်စွာ ပေါင်းစည်းပို့ချသည့် နေရာတစ်ခုဖြစ်ပြီး ဘွဲ့ကြိုသင်တန်းများသာမက ဘွဲ့လွန်သင်တန်းများ၊ သုတေသနလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်သည့် နေရာတစ်ခုဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့်အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်အတွက် လိုအပ်သည့် အင်ဂျင်နီယာ ပညာရှင်များကို ပိုမိုမွေးထုတ်လေ့ကျင့်ပေးနိုင်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရေး စသည့် ရည်ရွယ်ချက်များဖြင့် နေပြည်တော်နည်းပညာတက္ကသိုလ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၁ ရက်တွင် အစိုးရနည်းပညာကောလိပ် (နေပြည်တော်)အဖြစ်မှ တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကြောင်း။

၂၀၂၂–၂၀၂၃ ပညာသင်နှစ်တွင် အင်ဂျင်နီယာအထူးပြုဘာသာရပ်ခြောက်ခုဖြင့် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး၊ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာ အထူးပြုဘာသာရပ်ကိုပါ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ ယခု ၂၀၂၄–၂၀၂၅ ပညာသင်နှစ်တွင် နေပြည်တော် နည်းပညာတက္ကသိုလ်ကို Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး အင်ဂျင်နီယာအထူးပြုဘာသာရပ်များသာမက ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာ ဘာသာရပ်များကိုပါ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

**စာမျက်နှာ ၆ သို့** »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀) ပြည့်ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။




Naypyitaw State Polytechnic University အဆောက်အအုံကို တွေ့ရစဉ်။

»»» စာမျက်နှာ ၅ မှ

Naypyitaw State Polytechnic University ကို ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်များနည်းတူ နိုင်ငံ့ထိပ်တန်းတက္ကသိုလ်ကြီး တစ်ခုဖြစ်လာစေရန်ရည်ရွယ်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်း၊ အင်ဂျင်နီယာ အထူးပြုဘာသာရပ်ဌာနခုနစ်ခု၊ ကွန်ပျူတာအထူးပြုဘာသာရပ် ဌာနလေးခု၊ အခြားအထောက်အကူပြုဘာသာရပ်ဌာနငါးခု၊ သင်ကြားရေးဌာန စုစုပေါင်း ၁၆ ခုဖြင့် ပြည့်စုံအောင် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း။

ယခုအချိန်တွင် အင်ဂျင်နီယာအထူးပြုဘွဲ့ ခုနစ်မျိုးနှင့် ကွန်ပျူတာ အထူးပြုဘွဲ့ နှစ်မျိုး၊ စုစုပေါင်း ဘွဲ့ကိုးမျိုး အပ်နှင်းသွားမည်ဖြစ်ကြောင်း၊ တစ်နှစ်လျှင် အင်ဂျင်နီယာအထူးပြု ကျောင်းသား ၂၇၀၊ ကွန်ပျူတာအထူးပြုကျောင်းသား ၁၂၀ စုစုပေါင်း ၃၉၀ ခေါ်ယူသွားမည်ဖြစ်ပြီး အင်ဂျင်နီယာအထူးပြု ဘာသာရပ်ကို စာသင်နှစ် ငါးနှစ်၊ ကွန်ပျူတာအထူးပြုဘာသာရပ်ကို စာသင်နှစ်လေးနှစ် စသည်ဖြင့် သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း၊ Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာပိုလီတက္ကနစ်တက္ကသိုလ်များ နည်းတူအထူးပြု နယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီ သင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်က တည်ဆောက်ပေးလိုက်သည့် Naypyitaw State Polytechnic University ကို ယခုထက် ပိုမိုဥပဓိရုပ်ကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်အင်ဂျင်နီယာပညာရှင်များသည် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်သည့် ပညာရှင်များဖြစ်လာစေရေး အဘက်ဘက်မှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**နိုင်ငံ့အကျိုးကို ဆောင်ရွက်**

မြန်မာနိုင်ငံ သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာ့ရိုးရာအင်ဂျင်နီယာနှင့် ဗိသုကာအတတ်ပညာဖြင့် နိုင်ငံ၏ဂုဏ်အဖုံဖုံကို မြှင့်တင်ပေးခဲ့ကြသည့် ရှေးပညာရှင် အကျော်အမော်များအားလုံး ခေတ်သစ်အင်ဂျင်နီယာပညာများနှင့် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အင်ဂျင်နီယာပညာရှင်များ အားလုံးကို အထူးပင်ဂုဏ်ပြုချီးကျူးပါကြောင်းနှင့် ကျေးဇူးဥပကာရတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး သမိုင်းတစ်ခေတ်တွင်ခဲ့သည့် နှစ် (၁၀၀) ပြည့်မှသည် နောင်နှစ်ပေါင်းထောင်ချီတိုင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်ဂျင်နီယာကျောင်းသားဟောင်းကြီးများ၊ အင်ဂျင်နီယာ လုပ်ငန်းရှင်များ၊ စီမံခန့်ခွဲသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်တွဲညီညီ ဝိုင်းဝန်းကြိုးပမ်းအကောင်အထည်ဖော်၍ နိုင်ငံ့အကျိုးကို ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး သမိုင်းကြောင်းဆိုင်ရာ မှတ်တမ်းတင် Documentary ကို ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

❋ **Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြု သုတေသနလုပ်ငန်းများဆောင်ရွက်နိုင်ရေး အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အင်ဂျင်နီယာသမိုင်းပြခန်းများ၊ နည်းပညာဆိုင်ရာပြခန်းများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပြသထားသောပြခန်းများကို စိတ်ဝင်တစားဖြင့် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ Naypyitaw State Polytechnic University ကို နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည့် အင်ဂျင်နီယာနှင့် ကွန်ပျူတာ နည်းပညာဆိုင်ရာ ပညာတတ် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုဖြင့် နေပြည်တော် နည်းပညာ တက္ကသိုလ်အဖြစ်မှ Naypyitaw State Polytechnic University အဖြစ် ပြောင်းလဲတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပြီး တက္ကသိုလ်၏ အခြေခံအဆောက်အအုံဖြစ်သည့် စာသင်ဆောင်များ၊ လက်တွေ့ခန်းများ၊ အလုပ်ရုံများကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတွင်ရှိသည့် ကျွမ်းကျင်အင်ဂျင်နီယာများကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး သဘာဝနှင့်လိုက်လျောညီထွေစွာ သက်သောင့်သက်သာ ပညာသင်ယူနိုင်ရေး ကြိုးစားတည်ဆောက်ထားခြင်း ဖြစ်သည်။ ပရိဘောဂလိုအပ်ချက်၊ သင်ထောက်ကူပစ္စည်း လိုအပ်ချက်များကိုလည်း နိုင်ငံတကာ တက္ကသိုလ်များနည်းတူ ပြည့်စုံလုံလောက်မှုရှိအောင် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူရသည့် ကာလတစ်လျှောက် အေးချမ်းပျော်ရွှင်စွာဖြင့် တက္ကသိုလ်ကျောင်းသားဘဝ၏အနှစ်သာရကို ပြည့်ပြည့်ဝဝရရှိစေရေးအတွက် အားကစားကွင်း၊ Recreation Centre စသည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တက္ကသိုလ်ပတ်ဝန်းကျင်၌ စိမ်းလန်းစိုပြည်နေစေရေး သစ်ပင်ပန်းမန်များ၊ အလှရေကန်များ၊ စိတ်လက်ချမ်းသာစွာ အနားယူအပန်းဖြေနိုင်သည့်နေရာများဖြင့် ဖန်တီးတည်ဆောက်ပေးထားသည်။

ယနေ့တွင် Naypyitaw State Polytechnic University ဖွင့်လှစ်မှုနှင့်အတူ တစ်ချိန်တည်း၌ ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့တွင်လည်း Polytechnic University များကို ဖွင့်လှစ်နိုင်ခဲ့ပြီး Naypyitaw State Polytechnic University ကို Smart University ဖြစ်လာစေရေး၊ နိုင်ငံတကာ ပိုလီတက္ကနစ်တက္ကသိုလ်များနည်းတူ အထူးပြုနယ်ပယ်ပေါင်းစုံနှင့် ဘွဲ့လွန်ဒီဂရီသင်တန်းများကိုပါ တိုးမြှင့်ဖွင့်လှစ်နိုင်ရေး၊ နိုင်ငံ့အကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအဆင့်ဆင့်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




Naypyitaw State Polytechnic University ညရှုခင်းကို တွေ့ရစဉ်။

# မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ် (၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနား အထိမ်းအမှတ် Engineering Education and Technology Forum ကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားကို ယနေ့တွင် Naypyitaw State Polytechnic University ၌ ကျင်းပရာ မွန်းလွဲပိုင်းတွင် Engineering Education and Technology Forum ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင် ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ တာဝန်ခံ ဝန်ကြီးဌာနဖြစ်သော ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ နာယကအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာ ဥက္ကဋ္ဌ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် (The Federation of Engineering Institutions of Asia and the Pacific– FEIAP) ဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဒေါက်တာ အောင်ကျော်မြတ်တို့က keynote speech ပြောကြားကြသည်။

ဆက်လက်၍ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ် Ir. Dr Tan Yean Chin က Keynote Speech၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အင်ဂျင်နီယာအသင်းများအဖွဲ့ချုပ် ပညာရေးကော်မတီ ဥက္ကဋ္ဌ Prof. Dr. Chuah Hean Teik မလေးရှားက ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားကာ Chair of Committee on Engineering for Innovative Technologies (CEIT), World Federation of Engineering Organization (WFEO) – Prof. Dr. Norlida Buniyamin, မလေးရှားက ချီးကျူးဂုဏ်ပြုစကားများကို Video Clip များဖြင့် ပြောကြားသည်။

ယင်းနောက် "အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီး တည်ဆောက်ကြပါစို့" ခေါင်းစဉ်ဖြင့် Pannel Session ကျင်းပရာ The Federation of Engineering Institutions of Asia and the Pacific– FEIAP နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၏ ဥက္ကဋ္ဌ ဒေါက်တာ အောင်ကျော်မြတ်၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥက္ကဋ္ဌ ဦးဝင်းဇော်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၏ Engineering Education and Accreditation Committee– EEAC ဥက္ကဋ္ဌ ဒေါက်တာ ဇော်မင်းအောင်၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာသိင်္ဂီနှင့် Moscow Engineering Physics Institute မှ Associate Professor Dr. Pliaskin Aleksandr Vladislavovich တို့က Pannel Session တွင် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Forum Parallel Session များတွင် အနာဂတ်အင်ဂျင်နီယာပညာရေး (The Future of Engineering Education)၊ နိုင်ငံတော် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍ (The Role of Engineers for Myanmar's Sustainable Development)၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု (Green Energy to support Energy Security)၊ နောက်ဆုံးပေါ် နည်းပညာဖွံ့ဖြိုးမှု အရွေ့များ (Most Advanced Technology Trends)နှင့် ဒစ်ဂျစ်တယ်ကူးပြောင်းမှုမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုဆီသို့ (Digital Transformation towards the National Development) ဟူသည့် ခေါင်းစဉ်ငါးခုဖြင့် ကျင်းပလျက်ရှိပြီး ကျောင်းသား ကျောင်းသူများ အင်ဂျင်နီယာပညာရေးအပေါ် ပိုမိုစိတ်ဝင်စားမှု အားကောင်းလာစေရန် Engineering Festival၊ Porject Show နှင့် Product Show များလည်း ထည့်သွင်းကျင်းပသည့်အပြင် Hackathon ပြိုင်ပွဲ၊ e–sport ပြိုင်ပွဲများ၊ Quiz အစီအစဉ်များ၊ Engineering Battle ပြိုင်ပွဲများ တစ်ပြိုင်နက်တည်း ကျင်းပကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုင်းတုံမြို့၊ ပင်လုံမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၊ ထားဝယ်မြို့နှင့် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တို့၌ Polytechnic University ဖွင့်ပွဲများကို ယနေ့တွင် ကျင်းပရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန် ရှိသူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲဆိုင်းဘုတ်များအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက Polytechnic University ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက Polytechnic University များ ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် အဆိုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက Polytechnic University များ၏ အချက်အလက်များနှင့် ကျောင်းသား ကျောင်းသူများ ဆောင်ရွက်ထားရှိသည့် Product Show ပြခန်းများ၊ ဘာသာရပ်ဆိုင်ရာ Project ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများ Polytechnic University (ပင်လုံ) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် Project များကို ကြည့်ရှုအားပေးစဉ်။



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများ Polytechnic University (ထားဝယ်) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် Project များကို ကြည့်ရှုအားပေးစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ Polytechnic University (မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် ခင်းကျင်းပြသထားသည့် Project များကို ကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေး ကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၄/၂၀၂၄) အစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ အခြေခံစားသောက်ကုန်စျေးနှုန်းများ မြင့်တက်နေခြင်းကြောင့် ပုံသေဝင်ငွေရရှိသော လခစားဝန်ထမ်းများနှင့် အခြေခံလူတန်းစားများအပေါ် သက်ရောက်မှုကြီးမားကြောင်း၊ သို့ဖြစ်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီများ၏ ဖြန့်ဖြူးရောင်းချမှုအပါအဝင် လက်ရှိဖြစ်ပေါ်နေသော မြေပြင်အခြေအနေအပေါ် ထိန်းကျောင်းဆောင်ရွက်သွားမည့် အစီအမံများ၊ လိုအပ်ချက်နှင့် လက်တွေ့ဆောင်ရွက်သင့်သည် များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းရန်ဖြစ်ကြောင်း။

ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှုများ ပျက်စီးဆုံးရှုံးရခြင်းသည် ကုန်စျေးနှုန်းတည်ငြိမ်မှု အပေါ်တွင်လည်း သက်ရောက်မှု ရှိလာမည်ဖြစ်ကြောင်း၊ နေရာဒေသအချို့တွင် ရေကြီးမှုများကြောင့် မိုးစပါးစိုက်ကေများ ထိခိုက်ပျက်စီးခဲ့သဖြင့် စပါးစိုက်ပျိုးမှု၊ ထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု၊ အရန်ဆန်နှင့် ပြည်ပတင်ပို့မှုစသည်တို့ကို စနစ်တကျ တွက်ချက်စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိစားအုန်းဆီဖြန့်ဖြူးမှု စနစ်တကျရှိရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များက ကြပ်မတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ အသား၊ ငါး၊ ဥစျေးနှုန်းများ တည်ငြိမ်ရေးအတွက် တိရစ္ဆာန် မျိုးသားပေါက်၊ အစာနှင့် ကာကွယ်ဆေး စသည့် မွေးမြူရေးဆိုင်ရာ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို အကျိုးအမြတ်အတွက် စျေးကစားခြင်းများ မရှိစေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ် ထိန်းကျောင်းသွားရန် လိုအပ်ကြောင်း၊ ကုန်စျေးနှုန်း တည်ငြိမ်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဆောင်ရွက်ပေးသင့်သည့် ရေတို၊ ရေရှည် အစီအမံများကို ဝိုင်းဝန်းဆွေးနွေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများ အပါအဝင် အခြေခံ စားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေး ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များ အပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အခြေခံစားသောက်ကုန် စျေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်ချက်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့် အရေးကြီး ကုန်စည်များနှင့် စပ်လျဉ်းပြီး နေ့စဉ် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲနှင့် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌက ဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပြည်ထောင်စု ကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အခြေခံစားသောက်ကုန် ပစ္စည်းများဖြစ်သည့် ဆန်၊ စားသုံးဆီ၊ အသား၊ ငါး၊ ဥနှင့် မီးဖိုချောင်သုံး ကုန်ပစ္စည်းများ စျေးနှုန်းတည်ငြိမ်ရေး၊ ပြည်တွင်း လိုအပ်ချက်နှင့် ထုတ်လုပ်မှုပမာဏ ညီညွတ်မျှတရေး၊ ကုန်စည်စီးဆင်းမှု အဝင်အထွက်မှန်ကန်ရေး၊ ကုန်စျေးနှုန်းတည်ငြိမ်မှု ပျက်ပြားစေမည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ရေး လုပ်ငန်းများကို ကြပ်မတ် ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**

# (၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၁**

(၂၃)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) ဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဦးတို့က ဆောင်ရွက်ကြသည်။

ဦးစွာ သဘာပတိက ညီလာခံနှင့်ပတ်သက်သောလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်(၄)ခုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် အဆို(၁) ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီကဦးဆောင်၍ တိုင်းရင်းဆေးပညာသင်ကြားရေးဆိုင်ရာ အရည်အသွေး အသိအမှတ်ပြုနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန်၊ (၂) တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းရင်းဆေးဝါးများ ခေတ်စနစ်နှင့်အညီ ထုတ်လုပ်နိုင်စေရေးအတွက် ဆွေးနွေးပွဲများ၊ မွမ်းမံသင်တန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်၊ (၃) တိုင်းရင်းဆေးပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အရည်အသွေးပြည့်ဝသည့် တိုင်းရင်းဆေးပညာရှင်များ ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ရန်၊ (၄) ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းဆေးပညာဖြင့် စောင့်ရှောက်မှုပေးရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အား ကျောင်းသားလူငယ်အရွယ်မှစ၍ လေးစားတန်ဖိုးထားတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရန်ဖြစ်ပြီး အဆိုပြုချက်များနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာန၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့နှင့် ပူးပေါင်း၍ ပညာပေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်းနှင့် နယ်ပယ်အသီးသီးမှ ကျွမ်းကျင်သူများကလည်း ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ညီလာခံကိုယ်စားလှယ်များကို အုပ်စုလေးစုခွဲ၍ ညီလာခံတွင် တင်သွင်းမည့် အဆိုပြုချက်တစ်ခုချင်းစီအတွက် အုပ်စုအလိုက် ဆွေးနွေးကြကာ ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။ (၂၃) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ တွင် ကျင်းပမည်ဖြစ်ပြီး ညီလာခံတွင် ပြည်သူလူထုအကျိုးပြု အဆိုပြုချက်(၄)ခုကို တင်ပြကြရန် ဆွေးနွေး သည်။

မွန်းလွဲပိုင်းတွင် ညီလာခံကိုယ်စားလှယ်များကို နေပြည်တော်တစ်ဝိုက်ရှိ အမျိုးသား ပရဆေးဥယျာဉ်၊ မာရဝိဇယရုပ်ပွားတော်တို့သို့ လေ့လာရေး ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**







# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၁**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းမှ စတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့နံနက်ပိုင်းတွင် ကျောက်မျက်အတွဲအမှတ်(၁)မှ အတွဲအမှတ်(၁၆၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲ ရောင်းချရကြောင်း ကြေညာသည်။



ယနေ့ရောင်းချသည့် ကျောက်မျက်အတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့် လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူရမည်ဖြစ်သည်။

ညနေပိုင်းတွင် အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲအမှတ်(၁)မှ (၈၅၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲပဉ္စမနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

ပြပွဲတွင် အုပ်စု(အေနှင့် ဘီ)တို့မှ ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များကို ရောင်းချပေးခြင်းဖြစ်ပြီး ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားတို့ဖြင့် ပေးချေရမည်ဖြစ်ကာ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် အုပ်စု(အေ)အတွက် နိုင်ငံခြားငွေနှင့် အုပ်စု(ဘီ)အတွက် နိုင်ငံခြားငွေ(သို့မဟုတ်) ကျပ်ငွေဖြင့် ပေးချေဝယ်ယူရမည်ဖြစ်သည်။

အလားတူ ကျပ်ငွေဖြင့် အခြေခံဈေး သတ်မှတ်ထားသည့် အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန် ရည်ရွယ်ရောင်းချခြင်း ဖြစ်သည့်အတွက် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကျပ်ငွေဖြင့်သာ ပေးချေဝယ်ယူရမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၂၈၀ အနက်မှ ပုလဲအတွဲပေါင်း ၂၀၈ တွဲကို လည်းကောင်း၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ အနက်မှ ကျောက်မျက်အတွဲပေါင်း ၆၂ တွဲကို လည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးနိုင်ခဲ့ပြီး အုပ်စု(အေ၊ ဘီ နှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် နိုဝင်ဘာ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင် နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၆.၁၁.၂၀၂၄ ရက်မှ ၃.၁.၂၀၂၅ ရက်ထိဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနက ကြေညာထားသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့ ၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့ ၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း-၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း-၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း-၀၉-၂၀၀၁၂၈၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း-၀၉-၂၀၀၁၉၀၆၊ ၀၆၁- ၂၄၆၀၂၄၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701 သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

## ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန် ပြန်လည်တူးဖော်ထိန်းသိမ်း ကန်ဆယ်ခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန် လှူဒါန်းခဲ့ကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

ပုဂံရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရေကြီးရေလျှံမှုများ ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေလမ်းကြောင်းများဖော်ထုတ်ခြင်းနှင့် ရှေးဟောင်းရေကန် ၉၁ ကန်အား ပြန်လည်တူးဖော်ထိန်းသိမ်းကန်ဆယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဝန်ကြီးဌာနများနှင့် ရေကန်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့တွင် အမျိုးသားပြတိုက်(ရန်ကုန်) ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ရေကန်အလှူရှင်များ တက်ရောက်ကြသည်။




### ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီး

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ပြုလုပ်သည့် အခမ်းအနားတွင် ပူးပေါင်းဆောင်ရွက်ပေးသော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရေကန်တစ်ကန်ချင်းစီ အလှူရှင် ၂၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်မည်ဖြစ်ပါကြောင်း၊ ယနေ့အချိန်အထိ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးသော ရေကန် ၄၅ ကန်နှင့် ဆောင်ရွက်ဆဲ ရေကန် ငါးကန်ရှိပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ မတူးဖော်ရသေးသော ရေကန် ၃၄ ကန်ကို ကန်ဆယ်တူးဖော်သွားမည်ဖြစ်ပါကြောင်း။

ပုဂံခေတ်ရှေးဟောင်းရေလမ်းကြောင်း အဓိကသုံးကြောင်းကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့၏ ပူးပေါင်းကူညီမှုဖြင့် ပြန်လည်ဖော်ထုတ်ပြုပြင်ခဲ့ပါကြောင်း၊ အလှူငွေများလှူဒါန်းပေးသော အလှူရှင်များအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရေလမ်းကြောင်းများဖော်ထုတ်နေမှုအခြေအနေနှင့် ရေကန်များအား ပြုပြင်ထိန်းသိမ်းတူးဖော်ကန်ဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို Power Point၊ Video Short Clip များဖြင့် အသေးစိတ်ရှင်းလင်းပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တူးဖော်ရန်ရေကန်တစ်ကန်ချင်း လှူဒါန်းခဲ့သည့် အလှူရှင် ၂၁ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာ၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံနှင့် ရေကန်ဆိုင်ရာအချက်အလက်များကိုပေးအပ်ရာ အလှူရှင်များကိုယ်စား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ ပိဋကတ်သုံးပုံ အင်္ဂလိပ်ဘာသာပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ တိပိဋကပါဠိမြန်မာအဘိဓာန်အား အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် အန္တရာယ်ကင်းပရိတ်တော်များ ပုံနှိပ်ထုတ်ဝေနေမှုတို့ကို ပြည်ထောင်စုဝန်ကြီးက ဗီဒီယိုမှတ်တမ်း၊ ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့၌ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။





အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ခုံသမာဓိကောင်စီဝင်များ၊ အထက်မြန်မာပြည် ခုံသမာဓိအဖွဲ့ဝင်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်ရှင်၊ အလုပ်သမားအကြား အငြင်းပွားမှုကို ပြေလည်စွာ ဖြေရှင်းနိုင်ရန်နှင့် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်လာစေရန် လုပ်ငန်းခွင်အတွင်း၌ အလုပ်ရှင်၊ အလုပ်သမား ကနဦးဆွေးနွေးညှိနှိုင်းနိုင်ရေး အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များပါဝင်သည့် အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)ကို အလုပ်သမား ၃၀ နှင့် အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများတွင် ဖွဲ့စည်းပေးထားကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူဆောင်ရွက်နေသည့် ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို အဆင့်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်၍ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်လျက်ရှိကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ လူမှုဘဝတိုးတက်ရေးတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရေးယန္တရားတွင်ပါဝင်သည့် သက်ဆိုင်ရာကိုယ်စားလှယ်များအနေဖြင့် အလုပ်ရှင်၊ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ဘက်လိုက်မှုမရှိဘဲ သမာသမတ်ကျစွာ ဖြေရှင်းဆောင်ရွက်ရန်လိုအပ်ပြီး အဖွဲ့အစည်း အစွဲမထားဘဲ အလုပ်ရှင်၊ အလုပ်သမားနှစ်ဖက်၏အကျိုးကို ကြည့်ရှုဆောင်ရွက်ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)သို့ရောက်ရှိပြီး သင်တန်းကျောင်းရှိ စာသင်ဆောင်ခန်းမ မျက်နှာကြက်တပ်ဆင်ခြင်း၊ တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် လေအေးပေးစက်တပ်ဆင်/ ပြုပြင်ခြင်း သင်တန်း (၂/၂၀၁၉) ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးပြီး သင်တန်းသုံးပစ္စည်းများနှင့် လေ့ကျင့်ရေးနည်းပြများ၏ အရည်အသွေးအာမခံချက်ရှိရန် လိုအပ်ပါကြောင်း၊ လေ့ကျင့်ရေးနည်းပြများအနေဖြင့် လုပ်ငန်းခွင်၏ တိုးတက်ပြောင်းလဲနေသောအခြေအနေများကို လေ့လာသုံးသပ်ပြီး သင်တန်းများတွင် ထည့်သွင်းသင်ကြားနိုင်ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## သာပေါင်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆံုဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

သာပေါင်း နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်း ဒေသကြီး သာပေါင်းမြို့နယ်တွင် ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် ဆံုဆို့၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများကို နိုဝင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက အခြေခံပညာမူလတန်းလွန်ကျောင်း (ကညင်ချောင်း)၊ အခြေခံပညာမူလတန်းကျောင်း(တာဦး)၊ အခြေခံပညာမူလတန်းကျောင်း(ကျွန်းဦး) တို့တွင် ကာကွယ်ဆေးထိုးနှံပေးခြင်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ဝင်းမီမီခိုင်ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသားကျောင်းသူ ၉၀ တို့ကို ကျောင်းအခြေပြု ဆံုဆို့၊ မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၅၇ ဦးတို့အား သားအိမ်ခေါင်းကင်ဆာ ရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

မျိုးဇော်သိန်း(ပြန်/ဆက်)



# ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုနှင့် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

## အမျိုးသားစာပေတစ်သက်တာဆုကို စာပေပညာရှင် ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့ရရှိ

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်လုံးအားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်များကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာပေပညာရှင် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါရဂူမင်းနန္ဒာ)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာတိုးလှ၊ စာပေပညာရှင် ဆရာကြီး ဦးညွန့်ဆွေ(မောင်ဆွေသက်)၊ စာပေပညာရှင် ဆရာကြီး ဦးသန်းဆွေ(မောင်သန်းဆွေ-ထားဝယ်)၊ စာပေပညာရှင် ဆရာကြီး ဒေါက်တာကျော်ဝင်း(သမိုင်း)နှင့် စာပေပညာရှင် ဆရာကြီး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်) တို့အား ၂၀၂၃ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆုရှင်များအဖြစ် ရွေးချယ်ချီးမြှင့်လိုက်ကြောင်း ကြေညာသည်။

ထိုနည်းတူ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၃ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ကြည်မင်းဝေ ရေးသားသည့် **စစ်သူကြီး မဟာမင်းထင်နော်ရထာ** စာအုပ် (ဖိုးဝစာပေတိုက်)၊ ဝတ္ထုတိုဆုတွင် မနှင်းဖွေး ရေးသားသည့် **လောကပြတင်း မဂ္ဂဇင်းဝတ္ထုများ** စာအုပ် (လင်းလွန်းခင်စာပေတိုက်)၊ ကဗျာ(ဂန္ထဝင်)ဆုတွင် စဆနိုင် ရေးသားသည့် **အမေပေးသောကဗျာများ** စာအုပ် (စာပေဗိမာန်)၊ စာပဒေသာဆုတွင် မြင်းမူမောင်နိုင်မိုး ရေးသားသည့် **အမွေအပြုံးနှင့် အဖွေ့မျက်ရည်** စာအုပ် (မြဝတီစာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆုတွင် ဉာဏ်လင်းတင့် ရေးသားသည့် **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ** စာအုပ် (ဦးသန်းမြင့်စာပေတိုက်)၊ ကလေးစာပေဆုတွင် ပုလောစိုးနံ့သာ ရေးသားသည့် **စက္ကူလေယာဉ်ပျံကလေးကဗျာများ** စာအုပ် (မေတ္တာရိပ်နန်းစာပေတိုက်)၊ လူငယ်စာပေဆုတွင် ကပ္ပတိန်သာစိန် ရေးသားသည့် **ဘဝခရီးသွားလူငယ်များသို့** စာအုပ် (ငွေကောင်းကင်စာအုပ်တိုက်)၊ ဘာသာပြန်(သုတ)ဆုတွင် မင်းအောင်မင်းရေးသားသည့် **မေးမှိန်လာသော အမေရိကန်ရာစုနှစ်** (ယဉ်မျိုးစာပေတိုက်)၊ သုတပဒေသာ (ဝိဇ္ဇာ)ဆုတွင် ပျံချီရေးသားသည့် **ပျူနိုင်ငံတော်နှင့် အခြားသမိုင်းဆောင်းပါးများ** စာအုပ် (ပပဝင်းစာပေတိုက်)၊ သုတပဒေသာ (ရိုးရိုးသိပ္ပံ)ဆုတွင် ပါမောက္ခကိုကိုအောင် ရေးသားသည့် **နျူကလီးယားစွမ်းအင်နှင့် လူသားအကျိုးပြုလုပ်ငန်းများ** စာအုပ် (စွယ်စုံစာပေတိုက် )၊ သုတပဒေသာ (အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာတင်ထွန်းဦး ရေးသားသည့် **ဇရာကို ရင်ဆိုင်ခြင်း အနုပညာ** စာအုပ် (ဦးမျိုးဆင့်စာပေတိုက် )၊ နိုင်ငံရေးစာပေဆုတွင် နေဇင်လတ် ရေးသားသည့် **အတွေးအမြင်**စာအုပ် (မြဝတီစာပေတိုက်)၊ အင်္ဂလိပ်ဘာသာ(သုတ)ဆုတွင် Terence Tan ရေးသားသည့် **Ancient Beads and Jewellery of Myanmar** စာအုပ် (DUYA SARPAY စာပေတိုက်)၊ ရသစာတမ်း(အက်ဆေး) ဆုတွင် နေမျိုး ရေးသားသည့် **မိုးဘိုင်စကုတ်** စာအုပ် (ငါတို့စာပေတိုက်)၊ ရည်ညွှန်းစာပေဆုတွင် သုတေသီမောင်မောင် ရေးသားသည့် **မဟာဂီတပေါင်းချုပ်စွယ်စုံကျမ်း** စာအုပ် (လမင်းလေးစာပေတိုက်) တို့ကို ရွေးချယ်ကြောင်း ကြေညာသည်။

အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ် သိန်း ၁၀၀ ချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားစာပေဆုများကို တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေစိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံနှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှ တစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့်အချိန်နှင့်နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ကြီးမှူးကျင်းပသည့် ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ညိမ်းညို၏ **စာမျက်နှာတချို့**၊ ဒုတိယဆုကို ချစ်ညွန့်ကျော်၏ **ကွယ်လေးရဲ့ မောင့်ခြုံထည် တန်းသွယ်လို့မိုး**၊ တတိယဆုကို မောင်စိုးထိုက် (သုံးဆယ်)၏ **ကျွန်တော်တို့ သားအမိ** စာမူများကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို တက္ကသိုလ်မြမဥ္ဇူ၏ **ကိုယ့်ခြံမှာလည်း ပန်းတွေပွင့်ရမယ်နှင့် အခြားဝတ္ထုတိုများ**၊ ဒုတိယဆုကို လွမ်းနိုးနိုး (ဘော်မြေ)၏ **မေတ္တာပန်းတို့ လန်းစွင့်ဝေဖြာမြေအောက်ကမ္ဘာနှင့် ဝတ္ထုတိုပေါင်းချုပ်**၊ တတိယဆုကို ရဲမင်းစိုး၏ **မုန်တိုင်းကိုမမှု အံတုလေသော်နှင့် အခြားဝတ္ထုတိုများ**စာမူများကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ခက်လှိုင်းကျော်၏ **စိတ်တစ်ဆင်စာကဗျာများ**၊ ဒုတိယဆုကို ရွှန်းညို (တာချီလိတ်)၏ **ရှမ်းရှေ့မြေရနံ့နှင့် ကဗျာစုများ**၊ တတိယဆုကို မောင်ချိုဝေ၏ **ယာထဲက ကြေးစည်သံနှင့် လက်ရွေးစင်ကဗျာများ** စာမူများကလည်းကောင်း၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို မြန်စာမြေသိန်းလွင်၏ **ပျို့စာဆို ဦးနိုး၏ ဘဝနှင့်စာပေ**၊ ဒုတိယဆုကို အရှင်ရေဝတ (ရွှေကွမ်းသား)၏ **သမိုင်းမော်ကွန်း ရည်ညွှန်းသက်သေတွံတေးမြေ**၊ တတိယဆုကို မောင်သာ(ရေးဟောင်းသုတေသန)၏ **ပရိုင်းမိတ်မှ ပျူသို့ ယဉ်ကျေးမှုအထောက်အထားများ** စာမူများကလည်းကောင်း၊ သုတပဒေသာ (ရိုးရိုးသိပ္ပံနှင့် အသုံးချသိပ္ပံ)ဆုတွင် ဒုတိယဆုကို ဒေါက်တာကောင်းစံ၏ **စားသုံးသူများ၏ ကျန်းမာရေး၊ အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးနှင့်** တတိယဆုတွင် ဒေါက်တာချိုနိုင်(အေးချမ်းရိပ်)၏ **အလေးအနက်ထားစရာ လျှစ်လျူရှုခံရောဂါများ** စာမူများကလည်းကောင်း၊ စာပဒေသာဆုတွင် ပထမဆုကို အန်ကယ်ပညာ၏ **မေမေ့ဆံပင်နှင့် ဘဝလက်တစ်ကမ်းမှ စာတမ်းငယ်များ**၊ ဒုတိယဆုကို အောင်(လွန်ဆေး)၏ **ပြိုင်တူတွန်းသောအရွေ့နှင့် ဘဝတစ်ကွေ့အမှတ်တရစာစုများ**၊ တတိယဆုကို မောင်လှကျော်(ပန်းတောင်း)၏ **ရွှေဂေဟာမှူး၏ ပေးကူလမ်းပြဘဝမြေပြင်** စာမူများကလည်းကောင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေဆုတွင် တတိယဆုကို သျှင်မိုးခင်(ယဉ်ကျေးမှုတက္ကသိုလ်)၏ **ပျိုလေးကြိုလှည့်ပွဲ** စာမူကလည်းကောင်း၊ ကလေးစာပေဆုတွင် ပထမဆုကို ကနောင်နိုင်နွယ်ဦး၏ **လမင်းမျက်နှာ ပန်းမျက်နှာ ကလေးကဗျာများ**၊ ဒုတိယဆုကို အင်းကြင်းမေ၏ **စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင်နှင့် ကလေးဝတ္ထုတိုများ**၊ တတိယဆုကို ညိမ်းညို၏ **ရင်သွေးရတနာ ကလေးကဗျာများ** စာမူများကလည်းကောင်း၊ လူငယ်စာပေဆုတွင် ပထမဆုကို သားညိုမောင်၏ **ကြယ်ကိုခူးဖို့ မိုးမြင့်ပျံ အကျွန့်တောင်ပံ သန်သလေလေ့**၊ ဒုတိယဆုကို မောင်ညိုလွဲ(အညာမြေ)၏ **လောကခံကြုံ မဖြုံစတမ်းပေါ့**၊ တတိယဆုကို နောင်အံ့လူ၏ **တောင်အရပ်မှာ ရူဝံကြယ်** စာမူများက လည်းကောင်း၊ နိုင်ငံရေးစာပေဆုတွင် ပထမဆုကို ကိုတိုး(ရန်ကင်း)၏ **ဇာတိမာန်စာဆို ပုဂ္ဂိုလ်ကျော်များ**၊ ဒုတိယဆုကို မောင်မင်းထင် (မြစ်ဝကျွန်းပေါ်)၏ **လွတ်လပ်ရေးကြေညာစာတမ်းကို လေ့လာဖွင့်ဆိုချက်** စာမူများကလည်းကောင်း၊ ပြဇာတ်စာပေဆုတွင် ဒုတိယဆုကို နေစိုးသော်၏ **ချစ်ပန်းမှုံနှင့်** တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြို့)၏ **မျဉ်းပြိုင်ကမ်းလက်** စာမူများကလည်းကောင်း၊ ဘာသာပြန်စာပေဆုတွင် ပထမဆုကို ဒီပံလင်း၏ **ကပ်ရောဂါဘေးကင်းစေရေး** စာမူကလည်းကောင်း၊ အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို Researcher Maung Han ၏ **Significant Cultural Information about Pyu Ancient Cities** စာမူကလည်းကောင်း ရရှိကြသည်။

စာပေဗိမာန်စာမူဆုများကို ပထမဆု ၁၅ သိန်း၊ ဒုတိယဆု ၁၀ သိန်း၊ တတိယဆု ၇ သိန်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆုများကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများ ပါဝင်သော ပုဂ္ဂိုလ် ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၂၃ ခုနှစ် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၈၄ စောင်ကို သက်ဆိုင်ရာဘာသာရပ်အလိုက် ခွဲခြားကာ ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြကြောင်း သိရှိရသည်။

ဆုရရှိသူများသည် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး တယ်လီဖုန်းအမှတ် ၀၁၈-၂၄၀၀၄၈ နှင့် စီမံရေးရာ တယ်လီဖုန်းအမှတ် ၀၁၈-၃၈၁၄၄၉ သို့ အမြန်ဆုံး ဆက်သွယ်ကြရန်နှင့် (၅x၈)လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်နှင့်တကွ (ကြေညာသည့်ရက်မှတစ်ပတ်အတွင်း) ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် (စာဆိုတော်နေ့)၊ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ကျင်းပမည့် အချိန်နှင့် နေရာတို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၂၄ ခုနှစ်အတွက် စာမူပြိုင်ပွဲဝင်လိုသူများ အနေဖြင့် စာမူများကို ၃၁-၁၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ စာပေဗိမာန်ရုံးသို့ လာရောက်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

# "ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်" အား ထုတ်ပြန်ထားကြောင်း အသိပေးကြေညာခြင်း

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်

၁။ ပြည်တွင်းဆန်စပါးဖူလုံရေး၊ ပြည်ပသို့ စနစ်တကျတင်ပို့ရောင်းချနိုင်ရေး၊ ဆန်စပါးဈေးကွက်နှင့် ဈေးနှုန်းတည်ငြိမ်မှန်ကန်စေရေးနှင့် ဆန်စပါးသိုလှောင်မှုအခြေအနေများကို စနစ်တကျ စာရင်းပြုစု မှတ်ပုံတင်ထားနိုင်ရေး၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ်ကို ဖော်ဆောင်နိုင်ရေးတို့အတွက် ပြည်တွင်း၌ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ဆန်စပါးသိုလှောင်ရုံလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သိုလှောင်ရုံ သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံတစ်မျိုးမျိုးကို ပိုင်ဆိုင်သူသည် www.myro.com.mm တွင် သတ်မှတ်ထားသည်နှင့်အညီ မှတ်ပုံတင်လျှောက်ထားရမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက **"ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်"** အား ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် အမိန့်အမှတ် ၈၂ / ၂၀၂၄ ဖြင့် ထုတ်ပြန်ထားပါသည်။

၂။ ဤအမိန့်ထုတ်ပြန်ပြီး နှစ်လပြည့်မြောက်သည့် နေ့ရက်တွင် ဆန်စပါးသိုလှောင်ရုံပိုင်ဆိုင်သူသည် မှတ်ပုံတင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါပုဂ္ဂိုလ်သည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာအမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခံရမည်-

(က) စာဖြင့်သတိပေးခြင်း။

(ခ) ဆန်စပါးလုပ်ငန်းနှင့်သက်ဆိုင်သော လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ လုပ်ကိုင်ခွင့် ယာယီပိတ်သိမ်းခြင်းကို လိုအပ်လျှင် သက်ဆိုင်ရာအစိုးရဌာနက ပြုလုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ သို့ဖြစ်ပါ၍ ဆန်စပါးသိုလှောင်ရုံကို ပိုင်ဆိုင်သူများအနေဖြင့် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်နှင့်အညီ အလေးအနက်ထား လိုက်နာဆောင်ရွက်စေရေးအတွက် အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပျဉ်းမနားမြို့နယ် ရေဘေးသင့်နေအိမ်များ ပြန်လည်တည်ဆောက်ပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် နိုဝင်ဘာ ၂၁**

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေ ပျဉ်းမနားမြို့နယ် ကွက်သစ်ကျေးရွာ၊ ကျွန်းဦးကျေးရွာနှင့် အေးမြင့်သာယာကျေးရွာတို့သို့ သွားရောက်ကာ CB Bank ၏ လှူဒါန်းငွေဖြင့် တည်ဆောက် ပြုပြင်ပေးလျက်ရှိသည့်နေအိမ်များ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် ကွက်သစ်ကျေးရွာ၌ ရေဘေးသင့်၍ အလုံးစုံပျက်စီးသွားသော နေအိမ်ငါးလုံးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသစ်ပြန်လည်တည်ဆောက်ပြီးစီးမှုကို လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းပြင်ဆင်ပေးရမည့် နေအိမ်ခုနစ်လုံး၏ ပြန်လည်ပြုပြင် ပြီးစီးမှုကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ကျွန်းဦး ခေတ်မီစံပြကျေးရွာ၌ ရေဘေးသင့်၍ အလုံးစုံပျက်စီးသွားသော နေအိမ် ၁၈ လုံး၏ အလုံးစုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာ စံပြကျေးရွာ၌ အလုံးစုံ ပြန်လည်တည်ဆောက်ပေးရမည့် နေအိမ်တစ်လုံးနှင့် တစ်စိတ်တစ်ပိုင်း ပြင်ဆင်ပေးရမည့် နေအိမ်တစ်လုံးတို့၏ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ယခုတည်ဆောက်ပေးသည့် နေအိမ်များ ရေရှည်တည်တံ့ရေးအတွက် ကျေးရွာသူကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းနေထိုင်ကြရန်၊ အားငယ်စိတ်ခါတ်ကျခြင်းမျိုး မရှိစေဘဲ မိသားစုဝင်ငွေ တိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကျွန်းဦးကျေးရွာရှိ လမ်းဘေးဝဲ၊ ယာ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျေးရွာသူကျေးရွာသားများ ပူးပေါင်းဆောင်ရွက်ကြရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် နေပြည်တော်ကောင်စီ နယ်မြေ မြို့နယ် နှစ်မြို့နယ်အတွင်းမှ ကျေးရွာသုံးရွာရှိ ရေဘေးသင့်နေအိမ်များအနက် အလုံးစုံ ပြန်လည်ပြင်ဆင်ရမည့် နေအိမ် ၂၄ လုံးကို အလျားပေ ၂၀၊ အနံပေ ၂၀၊ အမြင့် ၁၆ ပေရှိ သွပ်မိုး၊ ထရံကာ ကျေးလက်အိမ်ရာများအဖြစ် အသစ်တည်ဆောက်ပေးခြင်း၊ တစ်စိတ်တစ်ပိုင်း ပြင်ဆင်ခြင်း၊ နေအိမ်ရှစ်လုံးကို ပြုပြင်တည်ဆောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ရာနှုန်းပြည့်နီးပါး ပြုပြင်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်၍ ကျေးရွာရှိမိသားစုဝင်များ တက်ရောက်နေထိုင်နေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရေး အသိပညာပေးဟောပြော

**တောင်ကြီး နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ အန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲ၌ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု၏အဓိပ္ပာယ်၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများ၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုကြောင့် လူသားများနှင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှု၊ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရမည့်နည်းလမ်းများ၊ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး သင်တန်းသား သင်တန်းသူများအား မီးခိုးမြူငွေ့နှင့် လေထုညစ်ညမ်းမှု လျှော့ချရေးနှင့် ပတ်သက်သည့်မေးခွန်းများကို ပြန်လည်မေးမြန်းကာ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် လေထုထဲတွင်ပါဝင်သော PM 2.5 အကြောင်း အသိပညာပေး ဗီဒီယိုကလစ်ကိုပြသပြီး မီးခိုးမြူငွေ့ညစ်ညမ်းမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုးလင်း(တောင်ကြီး)**



# ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေး

**ရေတာရှည် နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို လစဉ် ၂၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီမှစတင်၍ အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ နန္ဒာညီဆွေ ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက သွေးချို၊ ဆီးချိုစစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ပေးခြင်းတို့ ဆောင်ရွက်ပေးပြီး လိုအပ်သောဆေးဝါးနှင့် ကုသပေးခြင်းတို့ကို အခမဲ့စောင့်ရှောက်မှုပေးခဲ့သည်။



ထို့နောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ ကြာဆံချက်ဖြင့် အာဟာရဒါန လှူဒါန်းခဲ့ပြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်ကြီးများအသင်းက စားသုံးဆီများကို သက်သာသောဈေးနှုန်းဖြင့် အငြိမ်းစားဝန်ထမ်း တစ်ဦးလျှင် ၅၀ ကျပ်သား တစ်ဘူးစီ ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရေကြည်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

**ရေကြည် နိုဝင်ဘာ ၂၁**

ရောဝတီ တိုင်းဒေသကြီး ရေကြည်မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများ ပင်စင်ခံစားခွင့် လာရောက် ထုတ်ယူရာတွင် အငြိမ်းစား ဝန်ထမ်းများအား မြို့နယ်ကျန်းမာရေး ဦးစီးဌာနက ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၈ နာရီတွင် မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အခမဲ့စမ်းသပ်စစ်ဆေးပေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ကုသရေး ဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးအေးလင်း ဦးဆောင်၍ ကျန်းမာရေး ဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား နှလုံး၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ ပန်းနာရင်ကျပ် စသည့်အခြေခံကျန်းမာရေးရောဂါဆိုင်ရာများကို စစ်ဆေးပေးပြီး ဆေးကုသပေးခြင်း၊ ဆေးဝါးများအခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကို စစ်ဆေး၍ ကျန်းမာရေးအသိပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# Zero- sum thinking ကိုလွန်၍ အားလုံးအတွက် မျှတသည့်အနိုင်ယူခြင်းဟူသည်...

မြင့်မြတ်

"မကောင်းသူကို အနိုင်ယူချင်ရင် ကိုယ်ကသူ့အပေါ်မှာ ကောင်းခြင်းဖြင့်သာအနိုင်ယူပါ"ဆိုတဲ့ မြတ်စွာဘုရားရဲ့မိန့်မှာချက်အပေါ်မှာ ကျေးဇူးတော်ရှင် ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ ဟောဆိုမြွက်ကြားချက်တစ်ခုကို နာယူခဲ့ရဖူးပါတယ်။ ပြဿနာတွေနဲ့မကင်းတဲ့လောကကြီးမှာ အနိုင်ယူချင်သူတွေချည်းဖြစ်နေရင် ဘယ်တော့မှငြိမ်းချမ်းမှာမဟုတ်ဘူး၊ မကောင်းမှုကို ကောင်းမှုနဲ့ တုံ့ပြန်ကြမယ်၊ ကောင်းမွန်တဲ့စိတ်ဓာတ်လေးတွေနဲ့ ချဉ်းကပ်ဖြေရှင်းကြရင် ကောင်းမွန်တဲ့ရလဒ်ပဲ ထွက်ပေါ်လာမယ်လို့ ဆိုလိုတဲ့ သဘောတရားတစ်ခုဟာ အလွန်လျော်ကန်သင့်မြတ်ပြီး အားလုံးလိုက်နာရမယ့် ခံယူချက်ကောင်းများကို ပေးနိုင်စွမ်းပါတယ်။

## ကိုယ်အနိုင် သူအရှုံးချည်းစဉ်းစားတဲ့ zero sum mentality ဆိုတာ

အခုလို ရာသီဥတုမကောင်းလှတဲ့ ကမ္ဘာကြီးမှာ အထက်ပါအဓိပ္ပာယ်မျိုးရှိတဲ့ စကားတစ်ခွန်းကို ကမ္ဘာကြီးရဲ့ ဘယ်နေရာကပဲ ကြားရကြားရကြားရသူအပေါင်းကို ကြည်နူးချမ်းမြေ့သွားစေမှာ အမှန်ပါ။ beyond "Zero-sum mentality" ဆိုတဲ့ စကားစုတစ်ခုကြောင့် ဖြစ်ပါတယ်။ ထိုဝေါဟာရကို စီးပွားရေးနဲ့ နိုင်ငံရေးနယ်ပယ်တွေမှာ ပြောဆိုသုံးနှုန်းလေ့ရှိပြီး အခုစကားစုကိုတော့ မြန်မာနိုင်ငံအရေးနဲ့ပတ်သက်တဲ့ ကုလသမဂ္ဂအထူးသံတမန်တစ်ဦးရဲ့ ပြောကြားချက်ထဲက ကောက်နုတ်ထားခြင်းဖြစ်ပါတယ်။

ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးအတွက် ညှိနှိုင်းရေးလုပ်ငန်းစဉ်မှာ သုံးလေ့သုံးထရှိတဲ့ အပြုသဘောဆန်တဲ့ စကားစုမျိုးဖြစ်ပေမယ့် လက်တွေ့ကျဖို့ လိုပြီး ဘက်မလိုက်ဘဲ စေတနာပါဖို့ လိုနေတဲ့အတွက် သတိတော့ထားရပါမယ်။ အပြုသဘောဆိုပေမယ့် နှစ်ဖက်စလုံးကို မျှမျှတတမပြောဘဲ ဘက်တစ်ဖက်ဖက်ကိုပဲ ရည်ညွှန်းပြောမယ်ဆိုရင် ဒီစကားလုံးအပေါ်မှာ အဆိုးမြင်သဘောတွေရသွားနိုင်တဲ့ ဆိုးကျိုးတွေကိုတော့ သတိထားသင့်ပါတယ်။

အမှန်တော့ zero sum ဟာအပေါင်းတစ်နဲ့ အနုတ်တစ်ပေါင်းရင် သုညထွက်တဲ့ သီအိုရီတစ်ခုကနေဖြစ်လာတဲ့ စဉ်းစားနည်းပါပဲ။ စီးပွားရေးမှာ ရောင်းသူနဲ့ ဝယ်သူအကြား ဝယ်သူဘက်က ပိုက်ဆံပေးလိုက်ရပြီး ရောင်းသူဘက်က အမြတ်ထွက်တယ်ဆိုပေမယ့် ဝယ်သူအတွက်လည်း ကုန်သွားတဲ့ပိုက်ဆံနဲ့တန်အောင်၊ အကျိုးအမြတ်ရှိအောင် စဉ်းစားပေးရမယ်ဆိုတဲ့ ခံယူချက်ဖြစ်ပါတယ်။ ရောင်းသူရော ဝယ်သူပါ နှစ်ဦးလုံးအကျိုးအမြတ်ရှိစေတဲ့ စဉ်းစားနည်းပါ။ ကစားပွဲတစ်ခုအနေနဲ့ စဉ်းစားရင်တော့ ချမှတ်ထားတဲ့ တိကျတဲ့ စည်းကမ်းစနစ်ဘောင်အတွင်းမှာသာ ကစားရတဲ့အတွက် နိုင်သူနဲ့ ရှုံးသူရယ်လို့ ရှိရမှာပဲ။

ဒါပေမဲ့ ရှုံးသူက ဒီပြိုင်ပွဲမှာ သူဘာကြောင့်ရှုံးရသလဲ စဉ်းစားတတ်၊ သင်ခန်းစာယူတတ်ရင် သူလည်းပြိုင်ပွဲကနေ အမြတ်တစ်ခုရလိုက်တယ်လို့ ဆိုရပါမယ်။ ပညာအမြင်နဲ့ စဉ်းစားတတ်ရင် ပြိုင်ပွဲကနေ ပညာရလိုက်တဲ့အတွက် ရှုံးသူမှာလည်း အမြတ်ထွက်သွားတယ်။ ဒီသဘောတရားကိုသာ လက်တွေ့မှာ အသုံးချကြရင် တစ်ဖက်သတ်အနိုင်ယူခြင်းနဲ့ လုံးဝဆုံးရှုံးမှုဆိုတဲ့ အသေအကျေပွဲတွေဟာ ဖြစ်လာစရာအကြောင်းမရှိတော့ဘူးလို့ ယူဆပါတယ်။

**"တိုင်းရင်းသားအချင်းချင်း ယခုထက်ပိုပြီး သွေးကွဲမှာ၊ နိုင်ငံတော်ကြီးလုံးဝဥဿုံပျက်စီးမှာကို မလိုလားလို့ တတ်နိုင်သမျှထိန်းထိန်းသိမ်းသိမ်းနဲ့ ပညာဉာဏ်အမြော်အမြင်ရှိစွာ ဖြေရှင်းနေတဲ့အနေအထားဖြစ်ပါတယ်။ ဒဏ်ရာအနာကို ပိုမနာအောင်၊ အဆိုးကိုဆက်ပြီး ဆိုးမသွားအောင်ဆိုတဲ့ လုပ်ရပ်မျိုးဟာ ပညာရှိတွေရဲ့လုပ်ရပ်ပါပဲ။ စစ်ရေးနည်းလမ်းနဲ့ဖြေရှင်းပြီး နယ်မြေသိမ်းနိုင်ရုံ၊ လူအချင်းချင်းသတ်ဖြတ်နေရုံနဲ့ အနိုင်ရပြီလို့မခံယူထားတဲ့အတွက် အကြမ်းဖက်လုပ်ရပ်တွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးလမ်းမှာလျှောက်ကြဖို့ အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ် ဖိတ်ခေါ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်"**

## အရှေ့အလယ်ပိုင်းအရေးနဲ့ အမေရိကန်ရွေးကောက်ပွဲကနေ

အားလုံးသိတဲ့အတိုင်း ကမ္ဘာကြီးမှာ နိုင်ငံရေး၊ စစ်ရေးမုန်တိုင်းတွေက ပြင်းထန်နေပါတယ်။ ပဋိပက္ခပေါင်းစုံနဲ့ ရှုပ်ထွေးနေတဲ့ ပတ်ဝန်းကျင်ကြီးက မငြိမ်းချမ်းလှပါဘူး။ အနိုင်အရှုံးပြဿနာဖြစ်ရင် အားလုံးကအနိုင်ယူချင်တာချည်း တွေ့မြင်ရတယ်၊ အနိုင်ယူချင်တာမှ ပြတ်ပြတ်သားသားကို အနိုင်ယူချင်တာ၊ ပြိုင်ဘက်ကို နာလန်မထူအောင်ကို အလဲအကွဲဖြစ်စေချင်တာ၊ ကိုယ်အနိုင်-သူအရှုံးမှ ကျေနပ်ကြတာ၊ အနိုင်ယူလိုက်ရင် ပဋိပက္ခက ပြီးသွားမယ်ထင်နေတယ်၊ အမုန်းအာဃာတတွေနဲ့ ဘယ်တော့မှ မဆုံးနိုင်တဲ့ သံသရာအသွင် လည်နေတတ်တဲ့ ပဋိပက္ခတရားသဘောကို နားလည်သူရှားတယ်။ အနိုင်ယူရုံနဲ့ ပြဿနာက ပြီးသွားမယ်ထင်ပါသလား။

အထူးသဖြင့် ယနေ့ကမ္ဘာမှာဖြစ်ပွားနေတဲ့ ပဋိပက္ခတွေနဲ့ ချိန်ထိုးလေ့လာကြည့်နိုင်ပါတယ်။ ကမ္ဘာ့အရေးများစွာထဲက ပုံစံတစ်ခုကို လေ့လာကြည့်ရင်.. ဆယ်စုနှစ်ချီဖြစ်နေတဲ့ အရှေ့အလယ်ပိုင်းဒေသဆိုင်ရာ အရေးတစ်ခုဆိုပါတော့။ စစ်ရေးနည်းလမ်းသုံး ဖြေရှင်းရုံနဲ့ ပြဿနာက ပြီးသွားမယ်လို့ ထင်နေသူတွေ ရှိနေသေးကြောင်း တွေ့ရပါတယ်။ ကိုယ့်ရဲ့လုပ်ရပ်ဟာ ငြိမ်းချမ်းရေးနဲ့ ဝေးနေသလား၊ အမုန်းသံသရာကို ဆွဲဆန့်သလိုဖြစ်မနေဘူးလား သဘောမပေါက်ကြသရွေ့ ယနေ့ကမ္ဘာကြီးဟာ ငြိမ်းချမ်းနိုင်မှာမဟုတ်ပါဘူး၊ ပြန်လည်သင့်မြတ်ရေးလမ်းစလည်း ဘယ်လိုမှရှာတွေ့မှာမဟုတ်ဘူးဆိုတာ ဆင်ခြင်မိပါတယ်။

အလားတူ ပြီးခဲ့တဲ့အမေရိကန်နိုင်ငံ နောက်ဆုံးရွေးကောက်ပွဲ မတိုင်ခင် ဒီမိုကရက်နဲ့ ရီပက်ဘလစ်ကန်ပါတီတို့အကြား၊ ဘိုင်ဒင်နဲ့ ထရမ့်တို့အကြား၊ MAGA နဲ့ Deep state အကြားမှာ မဆီမလျော် လုပ်ကြံသတ်ဖြတ်မှုတွေ၊ အမနာပကြမ်းတမ်းသိမ်ဖျင်းတဲ့ စကားတွေနဲ့ အသေအကျေတိုက်ခိုက်ခဲ့ကြတာ တွေ့ရတယ်။ နောက်ဆုံး ပြည်သူနာမယ်၊ နိုင်ငံနာမယ်၊ နောက်ဆုံးကမ္ဘာကြီး ဒဏ်ရာရသွားမယ်ဆိုတဲ့အထိ မစဉ်းစားကြတဲ့ နိုင်ငံရေး အတ္တသမားတွေကြောင့် အမေရိကန်တို့တန်ဖိုးထားတဲ့ ဒီမိုကရေစီစနစ်ကြီး ပျက်စီးမယ့်အရေး ကြုံရနိုင်တယ်လို့ ခန့်မှန်းမိတယ်။

မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို သမ္မတအဖြစ်က ထွက်ခါနီး နှစ်လအလိုမှာမှ ကပ်ပြီး ယူကရိန်းကနေ ရုရှားအတွင်းပိုင်းအထိရောက်တဲ့ အဖျက်လက်နက်ကြီးတွေနဲ့ပစ်ဖို့ ခွင့်ပြုလိုက်တဲ့ ဘိုင်ဒင်ရဲ့လုပ်ရပ်ဟာ အလွန်ဆိုးရွားလှတယ်။ အနိုင်ရတဲ့သမ္မတအသစ်အနေနဲ့ ယူကရိန်းစစ်ကို အပြီးသတ်ချင်နေတဲ့ ထရမ့်ကို ယူကရိန်းစစ်မှာ ဆက်ပြီးနစ်နေအောင်နဲ့ ကမ္ဘာကြီးကိုပါ တတိယကမ္ဘာစစ်ထဲ ဆွဲသွင်းနေတဲ့ မဆင်မခြင်လုပ်ရပ်အဖြစ် ဝေဖန်နေကြပါတယ်။ စစ်ရဲ့ဆိုးကျိုးကိုသိလျက်နဲ့ အင်္ဂလိပ်၊ ပြင်သစ်တို့နဲ့ပေါင်းပြီး ရှူးမိုက်တဲ့ ဒီမိုကရက်သမ္မတဘိုင်ဒင်တို့ရဲ့ ကမ္ဘာမီးလောင် သားကောင်ချနင်းလုပ်ရပ်ကို အထက်မှာတင်ပြခဲ့တဲ့ zero sum thinking နဲ့ယှဉ်ပြီး မြင်သိရှုကြည့်ဖို့ လိုပါမယ်။

## ကိုယ်ကအနိုင်ယူပြီး အသေအကျေကစားပွဲကို ကစားနေသူတွေ

အရှုပ်အထွေးများစွာနဲ့ ပဋိပက္ခကမ္ဘာကြီးမှာ ငြိမ်းချမ်းရေးလမ်းစနဲ့ ပြေလည်ရေးစကား ပြောတတ်တဲ့ ခေါင်းဆောင်အချို့တော့ ကျန်ပါသေးတယ်။ သူတို့ဆီက ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးစကားတွေကြောင့် ကမ္ဘာ့ပြည်သူတွေမှာ အားတက်ဝမ်းသာဖြစ်ကြရတယ်။ ကမ္ဘာနဲ့ယှဉ်ပြီး မြန်မာ့အရေးလည်း ထို့အတူပါ၊ နိုင်ငံတော်ဘက်ကနေ မကောင်းတာတွေအပေါ်မှာ ကောင်းမှုတွေနဲ့ တောက်လျှောက်ချဉ်းကပ်ပေးနေတယ်၊ အပြုသဘောနဲ့သွားနေတယ်။ အားလုံး အရှုံးမဖြစ်စေမယ့် အနိုင် - အနိုင်သီအိုရီကို ဆက်တိုက်ကိုင်စွဲထားတယ်၊ ငြိမ်းချမ်းချင်လို့၊ ပြန်လည်သင့်မြတ်ချင်လို့ ဖြစ်ပါတယ်။

**တိုင်းရင်းသားအချင်းချင်း ယခုထက်ပိုပြီး သွေးကွဲမှာ၊ နိုင်ငံတော်ကြီးလုံးဝဥဿုံပျက်စီးမှာကို မလိုလားလို့ တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်းနဲ့ ပညာဉာဏ်အမြော်အမြင်ရှိစွာ ဖြေရှင်းနေတဲ့အနေအထားဖြစ်ပါတယ်။ ဒဏ်ရာအနာကို ပိုမနာအောင်၊ အဆိုးကိုဆက်ပြီး ဆိုးမသွားအောင်ဆိုတဲ့ လုပ်ရပ်မျိုးဟာ ပညာရှိတွေရဲ့လုပ်ရပ်ပါပဲ။ စစ်ရေးနည်းလမ်းနဲ့ဖြေရှင်းပြီး နယ်မြေသိမ်းနိုင်ရုံ၊ လူအချင်းချင်းသတ်ဖြတ်နေရုံနဲ့ အနိုင်ရပြီလို့ မခံယူထားတဲ့အတွက် အကြမ်းဖက်လုပ်ရပ်တွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းရေးလမ်းမှာ လျှောက်ကြဖို့ အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ် ဖိတ်ခေါ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။**

နောက်ဆုံးမှာ တန်ဖိုးရှိတဲ့ လူ့အသက်တွေ၊ လူသားအရင်းအမြစ်တွေ၊ နိုင်ငံ့အရင်းအမြစ်တွေ ဆုံးရှုံးသွားရတဲ့ အနိုင်မရှိတဲ့အရှုံး-အရှုံးသဘောတရားကို ယနေ့ အစ္စရေး-ဟားမတ်စ်-လက်ဘနွန်စစ်မှာ ဘယ်လိုဖြေရှင်းနေကြသလဲ၊ ဖြေရှင်းနေပုံတွေနဲ့လည်း နှိုင်းယှဉ်ကြည့်လို့ရပါတယ်။ ဆိုလိုတာက နိုင်ငံတော်ဘက်က တာဝန်ရှိသူတွေဟာ zero sum game ကို မကစားပါဘူး၊ ဘယ်သူ ကစားနေသလဲ။ လူမျိုးသုဉ်း၊ နိုင်ငံသုဉ်း ပျက်စီးသည်အထိ ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းတွေက လုပ်နေကြသလဲ၊ လုပ်ရပ်ချင်း နှိုင်းယှဉ်ကြည့်လို့ရပါတယ်။

လက်တွေ့ပဲကြည့်ပါ။ ယခုစာရေးနေစဉ်မှာပဲ ရုရှားဘက်က နျူကလီးယားလက်နက်နဲ့ ပြန်လည်တုံ့ပြန်မယ့်အကြောင်း အတန်တန်သတိပေးနေတဲ့ကြားက၊ ကမ္ဘာကလည်း အတန်တန်တားနေတဲ့ကြားက အင်မတန်အန္တရာယ်များတဲ့လုပ်ရပ်ကို သမ္မတဘိုင်ဒင် ခွင့်ပြုချက်နဲ့ ယူကရိန်းက လုပ်လိုက်ပါပြီ။ အမေရိကန်က ထောက်ပံ့ထားတဲ့ ATACMS တာဝေးပစ်မစ်ဇိုင်း ခြောက်လုံးနဲ့ ရုရှားအတွင်းပိုင်းအထိရောက်အောင် ယူကရိန်းဘက်က ပစ်ခတ်ခဲ့တဲ့အတွက် ကမ္ဘာကြီးဟာ အလွန်အန္တရာယ်များသွားပါပြီ။ ဘိုင်ဒင်ရဲ့ အခုလိုမဆင်မခြင်လုပ်ရပ်ဟာ ယူကရိန်းပြည်သူတွေ၊ ဥရောပပြည်သူတွေရဲ့ဘဝကို ငဲ့ကွက်ခြင်းမရှိခဲ့ပါဘူး။ ဒါကမှ တကယ့် zero sum mentality ဆိုတာ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံ ကိုယ်စားလှယ်တော်ကြီးသိစေချင်တယ်။ နိုင်ငံရေးကစားကွက် ဖန်တီးလို့မရတဲ့ ဘိုင်ဒင်တို့အုပ်စုဟာ စစ်ရေးနည်းလမ်းနဲ့ အသေအကျေဖြစ်မယ့် ကစားကွက်ကိုသာ ရွေးချယ်နေတာကို ခန့်မှန်းမိပါတယ်။

## ဖြစ်ရပ်များစွာကနေ ပညာဖြင့်သင်ခန်းစာယူနိုင်ရန်သာ

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့မြန်မာတွေ ယနေ့ဖြစ်နေတဲ့ ကစားကွက်တွေကနေ ဉာဏ်မီသမျှ သင်ခန်းစာယူနိုင်ဖို့က အဓိကအရေးကြီးပါတယ်။ ဘယ်သူမှ အတ္တနဲ့မကင်းနိုင်ကြပေမယ့် ပြိုင်ဘက်ကို မတရားအနိုင်ယူချင်တဲ့ လွန်ကဲတဲ့အတ္တတွေကြောင့် ကြားက အပြစ်မဲ့ပြည်သူတွေရဲ့ဘဝဟာ ဆိုးဆိုးရွားရွားပျက်စီးရကြောင်း တွေ့မြင်ရမှာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးသမားတွေဖြစ်တယ်။ ပြည်တွင်းရော နိုင်ငံတကာအတွေ့အကြုံတွေအရပါ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ ညှိညှိနှိုင်းနှိုင်း ဖြေရှင်းရမယ့်အစား အတ္တကို ရှေ့တန်းတင်လွန်းပြီး စစ်ရေးနည်းလမ်းကို ရွေးချယ်ခဲ့တာကြောင့် မဖြစ်သင့်တာတွေ ဖြစ်ကြရကြောင်း သင်ခန်းစာယူနိုင်ရမှာ ဖြစ်တယ်။ အတိတ်က ကိုလိုနီနယ်ချဲ့တွေက နိုင်ငံငယ်တွေကို နိုင်ငံရေး၊ စီးပွားရေးကစားကွက်ပေါင်းစုံနဲ့ ဘယ်လိုကစားပြီး ဘယ်လိုနယ်ချဲ့ သိမ်းပိုက်ခဲ့ကြသလဲ၊ ကိုယ်က တစ်ဖက်သတ်အနိုင်ယူခဲ့တဲ့အတွက် တစ်ချိန်မှာ ဘယ်လိုနည်းနဲ့ တန်ပြန်ကလဲ့စားချေခံရတာမျိုး ကြုံရနိုင်သလဲ၊ ကမ္ဘာ့ဖြစ်ရပ်ပေါင်းစုံမှာ လေ့လာလို့ကောင်းတဲ့ အဖြစ်အပျက်ပုံစံများစွာ ရှိနေပါတယ်။

တစ်ခုပဲရှိတယ်။ မြင်အောင်ကြည့်ဖို့က ပညာပဲလိုပါတယ်။ ပြဿနာအပေါ်မှာ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးတရားနဲ့ အကျိုးကိုဖြစ်စေတဲ့အကြောင်းတရားကို ဆက်စပ်စဉ်းစားနိုင်တဲ့ ဉာဏ်ပညာနဲ့ ခွဲခြမ်းစိတ်ဖြာသုံးသပ်နိုင်စွမ်းက အခရာကျပါတယ်။ 

**စာမျက်နှာ ၁၄ သို့** ☆

☆ စာမျက်နှာ ၁၃ မှ

နောက်တစ်ချက်က လောကပါလတရားနှစ်ခုဖြစ်တဲ့ ဟီရိ၊ ဩတပ္ပမည်သော အရှက်တရားနဲ့ အကြောက်တရား၊ သူတစ်ပါးကို မတရားတဲ့နည်းနဲ့ တစ်ဖက်သတ် အနိုင်ယူချင်တာကို ရှက်ရွံ့တတ်ဖို့လိုသလို ကိုယ်က ဒီတစ်ခါ အနိုင်ယူခဲ့ရင် ပြန်ကလဲ့စားချေခံရမယ့်အရေး ပြန်ဝင့်လည် ပြန်ခံရမယ့်ခံစားမှုဒဏ်ကို ကြောက်လန့်တတ်ဖို့ လိုပါမယ်။

**ယခုလို အရှက်အကြောက်တရားကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်းကြီးက ဘယ်လိုငြိမ်းချမ်းရေးကို ရယူနိုင်ပါ့မလဲ။ နောက်ထပ်ဆင်ခြင်ရမှာက သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်လိုမှုတွေနဲ့ သူတစ်ပါးဒုက္ခဆင်းရဲမှာ ဝမ်းသာနေနိုင်သူတွေရဲ့ အများလုပ်ရပ်တွေပါပဲ။ မြတ်ဗုဒ္ဓရဲ့ တရားတော်များမှာတော့ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာတရားတွေဟာ ကိုယ့်ဘက်ကချည်း အနိုင်ယူလိုစိတ်ကို အလွန်အကျွံမဖြစ်အောင်၊ ကိုယ့်ကြောင့် တစ်ပါးသူ ဒုက္ခမရောက်အောင် ထားရှိရမယ့်ကောင်းမှုတွေအဖြစ် ဟောကြားထားပြီးဖြစ်ပါတယ်။ အားလုံးရဲ့ ခေါင်းကိုင်ကတော့ မေတ္တာတရားပါ။ ဘယ်အရာမဆို ကိုယ့်အတွက်ထက် သူ့အတွက်၊ သူ့အကျိုးကို လိုလိုချင်ချင် ဆောင်ရွက်ပေးခြင်းကသာ မေတ္တာအစစ်အမှန် ဖြစ်ပါတယ်။**

ထိုအပြုအမူ၊ ထိုစိတ်နေစိတ်ထားတွေဟာ လူတွေရဲ့ဘဝအရည်အသွေးကို တိုးတက်စေတာကြောင့် လူ့အဖွဲ့အစည်းမှာ မှီတင်းနေထိုင်ကြသူတွေအနေနဲ့ မျှတညီညွတ်စွာ နေထိုင်လာနိုင်ကြမယ်ဆိုရင်၊ ထိုမှတစ်ဆင့် ကိုယ်ချင်းစာတတ်လာမယ်၊ နားလည်မှု၊ ယုံကြည်မှုပါ တိုးလာပြီး စည်းလုံးညီညွတ်မှုလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ယခုလောလောဆယ်ဖြစ်နေတဲ့ ကမ္ဘာ့အရေး၊ မြန်မာ့အရေးတွေကနေ လေ့လာသင်ယူပြီး ကိုယ့်နိုင်ငံသားအချင်းချင်း zero sum game မဖြစ်ရအောင် အထူးသတိထား လျှောက်လှမ်းရမှာဖြစ်ပါတယ်။

ကိုယ်လည်းအနိုင်၊ သူလည်းအနိုင်၊ အခြားသူလည်း အနိုင်ဖြစ်ရအောင်၊ အားလုံးအရှုံးနိုင်ငံလည်း အဆုံးမဖြစ်ရလေအောင် အကောင်းဆုံးခံယူကြပြီး zero sum mentality ကနေ ရုန်းထွက်နိုင်ရေးနဲ့ နိုင်ငံတော်သာယာဝပြောရေးအတွက် ဝိုင်းဝန်းကြိုးပမ်းကြရေး စေတနာနဲ့ ရေးသားတင်ပြလိုက်ရပါတယ်။ ။

> **❝ယခုလို အရှက်အကြောက်တရားကင်းမဲ့နေတဲ့ လူ့အဖွဲ့အစည်းကြီးက ဘယ်လိုငြိမ်းချမ်းရေးကို ရယူနိုင်ပါ့မလဲ။ နောက်ထပ်ဆင်ခြင်ရမှာက သူတစ်ပါးကို နှိပ်စက်ညှဉ်းပန်းသတ်ဖြတ်လိုမှုတွေနဲ့ သူတစ်ပါးဒုက္ခဆင်းရဲမှာ ဝမ်းသာနေနိုင်သူတွေရဲ့ အများလုပ်ရပ်တွေပါပဲ။ မြတ်ဗုဒ္ဓရဲ့ တရားတော်များမှာတော့ ကရုဏာ၊ မုဒိတာနဲ့ ဥပေက္ခာတရားတွေဟာ ကိုယ့်ဘက်ကချည်းအနိုင်ယူလိုစိတ်ကို အလွန်အကျွံမဖြစ်အောင်၊ ကိုယ့်ကြောင့် တစ်ပါးသူဒုက္ခမရောက်အောင် ထားရှိရမယ့်ကောင်းမှုတွေအဖြစ် ဟောကြားထားပြီးဖြစ်ပါတယ်။ အားလုံးရဲ့ ခေါင်းကိုင်ကတော့ မေတ္တာတရားပါ။ ဘယ်အရာမဆို ကိုယ့်အတွက်ထက် သူ့အတွက်၊ သူ့အကျိုးကို လိုလိုချင်ချင် ဆောင်ရွက်ပေးခြင်းကသာ မေတ္တာအစစ်အမှန်ဖြစ်ပါတယ်❞**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နိုဝင်ဘာ ၂၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Hmoe Htin Lin" Facebook အကောင့်နှင့် "Hmoe Htin Lin" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ မှတ်ထင်လင်းအား ညနေ ၆ နာရီတွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၀၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၄၅၀၅ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၅ | ၃၂၄၅ | ၃၂၆၀ | ၃၂၁၀ | ၄၅၆၀ | ၃၃၇၀ | ၃၂၂၀ | ၃၂၃၅ | ၃၂၇၀ | ၃၂၅၅ | ၃၂၇၀ | ၃၆၇၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၆၂၀ | ၂၇၀၀ | ၂၆၇၅ | ၂၆၃၀ | ၂၇၀၅ | ၂၇၁၅ | ၂၇၃၀ | ၂၆၈၀ | - | ၂၈၄၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၄၀ | ၂၇၂၅ | ၂၇၄၀ | ၃၁၄၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | ၄၈၃၀ | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |
| HSD (10 ppm) | ၃၂၅၅ | ၃၃၄၀ | ၃၃၁၅ | ၃၂၆၅ | ၃၃၄၀ | ၃၃၅၀ | ၃၃၆၅ | ၃၃၂၀ | - | ၃၄၇၅ | ၃၃၂၅ | ၃၃၄၅ | ၃၃၇၅ | ၃၃၆၅ | ၃၃၇၅ | ၃၇၈၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၉ |
| 95 Ron | ၂၉၈၉ | ၃၀၈၃ |
| HSD (500 ppm) | ၂၄၇၅ | ၂၅၅၄ |
| HSD (50 ppm) | ၃၀၉၂ | ၃၁၈၄ |
| HSD (10 ppm) | ၃၀၉၂ | ၃၁၈၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# လူမှုဖူလုံရေးဥပဒေဆိုင်ရာ အကျိုးခံစားခွင့် ထုတ်ပေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရသေဆုံးမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုနယ်မြေ လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုနယ်မြေတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက အဖွင့်အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်းနှင့် ယခုကဲ့သို့ လုပ်ငန်းခွင်ပြင်ပ ထိခိုက်ဒဏ်ရာရသေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြပိုက ပျဉ်းမနားမြို့နယ်လူမှုဖူလုံရေးရုံးခွဲတွင် အကျိုးဝင်မှတ်ပုံတင်ထားသော "ရောဝတီဘဏ် (ဘောဂသီရိ)"မှ ဝန်ထမ်းတစ်ဦးဖြစ်သည့် အာမခံအလုပ်သမား ဒေါ်သီတာအေး(သန့်ရှင်းရေး)၏ အလုပ်ခွင်ပြင်ပထိခိုက် ဒဏ်ရာရသေဆုံးမှုအတွက် နာရေးစရိတ်ငွေကျပ် ၁၅ သိန်းနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ငွေကျပ် သိန်း ၁၅၀ တို့ကို မိခင်ဖြစ်သူထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဟိန်းသူအောင်(ပြန်/ဆက်)**

# လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နိုဝင်ဘာ ၂၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက်နှစ်ရက်အတွင်း ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ





ပြစ်မှုကျူးလွန်သူများကို ကလေးမြို့ တာဟန်းရပ်ကွက်တွင် သိမ်းဆည်းရမိသည့် ကဖင်းနှင့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် မူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းသုံးတန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက် နံနက် ၅ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကျီကုန်းကျေးရွာလမ်းဆုံတွင် ကလေးဝမှ ကလေးသို့ စိန်လွင် မောင်းနှင်ပြီး ချစ်စန်းကို လိုက်ပါလာသည့် Fuso ၁၂ ဘီး ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ကုန်ပစ္စည်းများဖြင့် ဖုံးအုပ် သယ်ဆောင်လာသည့် ဘိန်းဖြူ ၅၀ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ရောင်းချခဲ့ကြသည့် မြင့်နိုင်ဦး(ခ) မောင်စိုးနှင့် ဇော်ဝင်းထွန်း (ခ)နိုင်ဝင်းထွန်း(ခ) နားကားတို့အား မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်ရှိ နေအိမ်တွင်လည်းကောင်း၊ ဘရန်မွှန်း(ခ) ဇော်တန်အား မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)ရပ်ကွက်တွင်လည်းကောင်း၊ ရန်နိုင်အား မဟာအောင်မြေမြို့နယ် စကြာနွယ်စဉ်ရပ်ကွက်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ နိုဝင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ မူးယစ်ဆေးဝါးများကို ကလေးမြို့တွင် လက်ခံသိုလှောင်၍ မြန်မာ-အိန္ဒိယ နယ်စပ်သို့ တင်ပို့ရောင်းချသူများ ဖြစ်ကြသည့် လားထန်ပွီးယာအား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀)တွင် တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုံးတန်နှင့်လည်းကောင်း၊ သောက်နယ်လွယ်(ခ)ပုသောက်ကို ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၃) ရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလို၊ ဘိန်းဖြူသုည ဒသမ ၄၃ ကီလိုနှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ နိုဝင်ဘာ ၆ ရက်တွင် မန္တလေးမှ ကလေးမြို့သို့ မူးယစ်ဆေးဝါးများ တင်ပို့ခဲ့သည့် ဝင်းဌေးအောင်အား ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့၍ ၎င်းတင်ပို့ခဲ့သည့် မူးယစ်ဆေးဝါးများကို လက်ခံသိုလှောင်ထားသည့် လှမိုး(ခ)ဆန်းလွင် အား ကလေးမြို့ လှိုင်သာယာရပ်ကွက်ရှိ ကုန်စည် ပို့ဆောင်ရေးဂိတ်တွင် ဘိန်းဖြူ ၁၃ ဒသမ ၂ ကီလိုနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများကို မန္တလေးမြို့တွင်တစ်ဆင့် ပြန်လည်ရောင်းချသူမှာ ရော်ကျိန်ရန်(ခ) အားဟွိုက်ဖြစ်ပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာတွင် ငွေကြေးလွှဲပြောင်း လက်ခံဆောင်ရွက်ပေးသူမှာ ၎င်း၏ဇနီး မအားမိန်ဖြစ်ကြောင်း သိရှိရသဖြင့် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်ရှိနေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်နေ စိုးဝင်း၏ အစီအမံဖြင့် မူးယစ်ဆေးဝါးများ မန္တလေးတွင် လက်ခံ သိုလှောင်ဖြန့်ဖြူးပို့ဆောင်ပေးသူ ရဲဇော်အောင် (ခ)အားဖအား ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်ရှိ နေအိမ်၌ ဘိန်းဖြူ ၈၉ ဒသမ ၈ ကီလိုနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော် တန်ဖိုးရှိ ဘိန်းဖြူ ၁၅၀ ဒသမ ၀၃ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅ ဒသမ ၅၁ သန်း၊ အိုက်စ် (မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုံးတန်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း)မှ မန္တလေးမြို့သို့ သယ်ဆောင်ပြီး ထိုမှတစ်ဆင့် ကလေးမြို့တွင် သိုလှောင်၍ မြန်မာ-အိန္ဒိယ နယ်စပ်တွင် တစ်ဖက်နိုင်ငံမှ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်သူများနှင့် ချိတ်ဆက်သယ်ဆောင်ရောင်းဝယ်ခဲ့ကြောင်းနှင့် အလားတူ ထိန်းချုပ်ဓာတုပစ္စည်းများ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းခဲ့ကြသည့် မူးယစ်မှောင်ခိုဂိုဏ်း အဖွဲ့ဝင် ၂၁ ဦးအား ဖော်ထုတ်နိုင်ခဲ့၍ ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူတစ်ဦးကို ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ပြစ်မှုကျူးလွန်သူများကို ကလေးမြို့ ကျီကုန်းကျေးရွာလမ်းဆုံ၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။




ပြစ်မှုကျူးလွန်သူတစ်ဦးကို ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက်တွင် ဘောက်မော်တော်ယာဉ်နှင့် သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မော်လမြိုင်ကျွန်း၊ အောင်လံမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့၌ စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးနေကြောင်း မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်မှုထမ်းရန် တပ်သားသစ်များအဖြစ် လူငယ် ၂၀ နီးပါးကို ဖမ်းဆီးခေါ်ဆောင်သွားသည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အလားတူမန္တလေးတိုင်းဒေသကြီးကျောက်ဆည်မြို့ပေါ်တွင် နိုဝင်ဘာ ၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် လူငယ်အမျိုးသား အမျိုးသမီး ၇၀ ခန့်ကို ပေါ်တာဆွဲဖမ်းဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး သက်ဆိုင်ရာနယ်မြေလုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ အဆိုပါမြို့နယ်များအတွင်း တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူ များအား မည်သည့်အကြောင်းနှင့်မျှ ဥပဒေမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများသို့ တက်ရောက်ရန်အတွက် မိမိဆန္ဒအလျောက်လာရောက်ဆန္ဒပြုသူများ အများအပြားရှိပြီး လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ်(၆)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး သင်တန်းဆင်းပြီးသော နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းစစ်သည်များသည်လည်း တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆောင်ရန်အတွက် အမျိုးသမီးစစ်မှုထမ်းများကို ခေါ်ဆောင်ခြင်းမရှိသေးကြောင်း၊ လူငယ်များ၊ လမ်းသွားလမ်းလာများကိုလည်း ပေါ်တာဆွဲဖမ်းဆီးခြင်းများမရှိကြောင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါသတင်းများသည် ပြည်သူများစိုးရိမ်ပူပန်မှုမြင့်တက်စေရန်နှင့် လူငယ်များ လမ်းမှားရောက်စေရန်ရည်ရွယ်ပြီး အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

## အချိန်ပိုင်းအနုပညာ ကွန်ပျူတာဒီပလိုမာသင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၁

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက် စာသင်ကာလအတွက် ဘွဲ့ကြိုတန်း(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်)၊ မဟာဝိဇ္ဇာတန်း(ပထမနှစ်၊ ဒုတိယနှစ်)၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် အချိန်ပိုင်းအနုပညာဒီပလိုမာသင်တန်းများကို ၂၁ - ၁၁ - ၂၀၂၄ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး အချိန်ပိုင်းအနုပညာ ကွန်ပျူတာ ဒီပလိုမာသင်တန်းများကို ၄ -၁၂ - ၂၀၂၄ ရက်နေ့တွင်စတင်ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

## ရွှေတိဂုံစေတီတော်တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲနေ့က လှူဒါန်းခဲ့သည့် အထိမ်းအမှတ်အလံရရှိသူအား ဆုကြေးငွေ ချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၁

ရွှေတိဂုံစေတီတော်တွင် ပြုလုပ်သည့် မသိုးသင်္ကန်းပူဇော်ပွဲနေ့က လှူဒါန်းခဲ့သည့် မသိုးသင်္ကန်း ပူဇော်ပွဲ အထိမ်းအမှတ်အလံရရှိခဲ့သူ ဒေးဒရဲမြို့နယ်မှ ကံထူးသူ အမျိုးသမီးအား ဆုကြေးငွေချီးမြှင့်ခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

နိုဝင်ဘာ ၁၅ ရက်က ရွှေတိဂုံစေတီတော်တွင် ပြုလုပ်ခဲ့သည့် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲအခမ်းအနားကို ရွှေကြိုးဖြတ်ဖွင့်လှစ်ရာတွင် မိုးပျံပူဖောင်းများနှင့်အတူ ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ် အလံငယ်ပါဝင်ပြီး အဆိုပါအလံတွင် ဆုငွေလာရောက်ထုတ်ယူနိုင်ကြောင်း စာတစ်စောင်ထည့်သွင်း လှူဒါန်းခဲ့ရာ အဆိုပါအထိမ်းအမှတ်အလံငယ်ကို ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် တဲတန်းကျေးရွာ လိပ်ဥကုန်းနေ ဒေါ်သင်းသင်းဌေးက ကံထူးစွာ ရရှိခဲ့ခြင်းဖြစ်သည်။



မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိုးပျံပူဖောင်းများနှင့်အတူ အထိမ်းအမှတ်အလံအား လှူဒါန်းခဲ့စဉ်။

ယင်းသို့ ရရှိကြောင်းကို နိုဝင်ဘာ ၂၀ ရက်က ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သို့ ကိုယ်တိုင်လာရောက် ဆက်သွယ်ခဲ့သဖြင့် တာဝန်ရှိသူများက ဆုကြေးငွေကျပ် ငါးသိန်းကို ကံထူးသူ ဒေါ်သင်းသင်းဌေးအား ဂုဏ်ပြုပေးအပ်ခဲ့သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ရွှေတိဂုံစေတီတော် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပွဲကို ယခုနှစ် (၃၆) ကြိမ်မြောက်တွင်လည်း တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ညနေပိုင်းက ရင်ပြင်တော် ရာဟုထောင့် အောင်မြေ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့် နံနက် အရုဏ်မတက်မီ ညတွင်းချင်းအပြီး ချုပ်လုပ်ကပ်လှူပူဇော်ခဲ့ခြင်းဖြစ်သည်။ Htun Htun

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် မွန်ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအသင်းအား ချီးမြှင့်ထောက်ပံ့ငွေနှင့် အောင်နိုင်ရေးအလံ ပေးအပ်

မော်လမြိုင် နိုဝင်ဘာ ၂၁

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မွန်ပြည်နယ် အားကစားအသင်း ဩဝါဒခံယူပွဲ၊ ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် အောင်နိုင်ရေးအလံ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ထောက်ပံ့ငွေကျပ် ၅၈၇ ဒသမ ၂၃၀ သန်းနှင့် အောင်နိုင်ရေးအလံတို့အား ပေးအပ်ချီးမြှင့်ခဲ့ပြီး မွန်ပြည်နယ် အားကစားအသင်းများအတွက် အောင်နိုင်ရေးကော်မတီက ထပ်မံချီးမြှင့်ထောက်ပံ့ငွေကျပ် ၂၆ သန်းကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေးအပ်ချီးမြှင့်ရာ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် အားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့၏ ကြိုတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ဖော်ဆောင်ပံ့ပိုးရေး ကော်မတီ၏ အထောက်အပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားပြီး ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် မွန်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုလျှောက်ထားလာသော အခြေခံပညာကျောင်းများအား အခြေခံပတ်ဝန်းကျင်ဆိုင်ရာ ဘာသာရပ်ဆရာများ လက်စွဲစာအုပ်နှင့် အမှိုက်ပုံးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်နိုင်(မော်လမြိုင်)

## ဟသ္သာတမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း ပင်စင်စားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

ဟသ္သာတ နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟသ္သာတမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် နိုဝင်ဘာ၂၁ ရက်က ပင်စင်လာရောက်ထုတ်ယူကြသော နိုင်ငံ့ဝန်ထမ်းအငြိမ်းစား ၄၉၆ ဦးနှင့် မိသားစု ၄၂၃ ဦးတို့အား နံနက် ၇ နာရီမှစတင်၍ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင် ဦးဆောင်၍ ခရိုင်/မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာသို့ ဟသ္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းနှင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## တိုက်ကြီးမြို့နယ်၌ မီးဘေးလုံခြုံရေးဟောပြောပွဲနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်

တိုက်ကြီး နိုဝင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မြို့မဈေး၌ မီးဘေးလုံခြုံရေးအတွက် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြသဇာတ်တိုက်လေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

### လက်တွေ့မီးငြှိမ်းသတ်သရုပ်ပြ

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးလုံခြုံရေးဆိုင်ရာ အသိပညာပေးပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးထိုက်ဝင်းက မြို့မဈေးတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုကို ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ ခရိုင်/မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မီးသုံးစွဲမှုနှင့်ပတ်သက်၍ မီးသတ်ဆေးဘူး အသုံးပြုကာ လက်တွေ့မီးငြှိမ်းသတ် သရုပ်ပြခြင်းများကို ဆောင်ရွက်သည်။ ထို့နောက် မြို့နယ်မီးသတ်စခန်းမှ မီးငြှိမ်းသတ်ယာဉ်နှင့်ရေသယ်ယာဉ်တို့ကို အသုံးပြု၍ လက်တွေ့မီးငြှိမ်းသတ် ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်သည်။

အဆိုပါ ဟောပြောပွဲနှင့် သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးစိုးဝင်းမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ချစ်ထက်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့

**တွေ့ဆုံမေးမြန်း- ဝင်းဝင်း**
**ဓာတ်ပုံ- ကိုကြီးထိန်(MNA)**

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေး နှစ်(၁၀၀)ပြည့် ရာပြည့်သဘင်အခမ်းအနားတွင် “အင်ဂျင်နီယာပညာစွမ်းအားနဲ့ ပိုမိုတောက်ပသော မြန်မာ့အနာဂတ်ကို အတူတကွ ဖန်တီးတည်ဆောက်ကြပါစို့”ဟူသည့်ဆောင်ပုဒ်နှင့် Engineering Education and Technology Forum ကို Naypyitaw State Polytechnic University ၌ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပလျက်ရှိသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးသမိုင်းကြောင်း၊ ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်လာမှုကို လေ့လာသိရှိနိုင်ရန် သမိုင်းပြခန်းများ၊ စာတမ်းဖတ်ကြားမှုများနှင့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်း သားကျောင်းသူများ၏ ပရောဂျက်ပြပွဲများမှတစ်ဆင့် မျိုးဆက်သစ် အင်ဂျင်နီယာကျောင်းသားလူငယ်များ အင်ဂျင်နီယာ နည်းပညာဆိုင်ရာ ဗဟုသုတများ ရယူနိုင်ရန် ရာပြည့်သဘင်အခမ်းအနားကို ကျင်းပခြင်းဖြစ်ပြီး တက်ရောက်လာသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည်-

**ဒေါက်တာစိုးလင်းအောင်**
**တာဝန်ခံပါမောက္ခချုပ်**
**Naypyitaw State Polytechnic University**

ရာပြည့်အခမ်းအနားမှာ သမိုင်းစဉ်တစ်လျှောက် အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြတဲ့ သမိုင်းမှတ်တမ်းတွေသာမက အရင်ခေတ်တွေက မြန်မာနိုင်ငံမှာ အင်ဂျင်နီယာနဲ့ ဗိသုကာဘာသာရပ်ထွန်းကားမှုတွေ၊ အင်ဂျင်နီယာ၊ ဗိသုကာဘာသာရပ်နဲ့ ပတ်သက်တဲ့ အမွေအနှစ်တွေ၊ အစဉ်အဆက်ဆောင်ရွက်ခဲ့ကြတဲ့ အင်ဂျင်နီယာကြီးတွေဆီက အနာဂတ်မျိုးဆက်သစ်တွေအတွက် စံနမူနာယူစရာ၊ အတုယူစရာတွေနဲ့ ဒီထက်ပိုမိုကောင်းမွန်တဲ့ ကြိုးစားအားထုတ်မှုတွေ ရရှိလာစေဖို့ရည်ရွယ်ပြီး ဒီအခမ်းအနားကို ကျင်းပတာဖြစ်ပါတယ်။

ရာပြည့်အခမ်းအနားမှာ အဓိကအနေနဲ့ Engineering Education and Technology Forum ကို အပိုင်းငါးပိုင်းနဲ့ ကျင်းပမှာဖြစ်ပါတယ်။ ပြီးတော့ Engineering Festival မှာဆိုရင် Activities တွေအနေနဲ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (Quiz)၊ Hackathon ၊ Esports၊Talk show၊ Engineering Battle တွေ ပါဝင်မှာဖြစ်ပါတယ်။ အင်ဂျင်နီယာ သမိုင်းပြခန်း၊ Digital Transformation and AI ပြခန်းစတဲ့ နည်းပညာပေါင်းစုံနဲ့ ပတ်သက်တဲ့ Project Show ပြခန်းတွေ ပါဝင်မှာဖြစ်ပါတယ်။

စာတမ်းဖတ်ပွဲမှာ အနာဂတ်အင်ဂျင်နီယာပညာရေးနဲ့ ပတ်သက်ပြီး ဘယ်လို ဆောင်ရွက်ကြမလဲ၊ စွမ်းအင်လုံခြုံမှုအတွက် အစိမ်းရောင်စွမ်းအင်မှ ပံ့ပိုးပေးနိုင်မှု၊ နောက်ဆုံးပေါ် နည်းပညာအရွေ့တွေနဲ့ စွမ်းအင်ကဏ္ဍစတဲ့ ကဏ္ဍငါးခုနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကို စာတမ်းဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ နှစ်တစ်ရာမှာ တစ်ကြိမ်သာ ကြုံတွေ့ရတဲ့ သမိုင်းဝင်အခမ်းအနားမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန တစ်ခုတည်းတင် မဟုတ်ဘဲ တစ်နိုင်ငံလုံးမှာရှိတဲ့ အင်ဂျင်နီယာနဲ့ နည်းပညာဆိုင်ရာ ဌာနအားလုံး ပါဝင်ပါတယ်။ ပြီးတော့ အင်ဂျင်နီယာ သမိုင်းမှတ်တမ်းစာအုပ်ကို ပြုစုနိုင်ခဲ့တာက အမှတ်တရပါ။

**ဦးခင်မောင်ဌေး**
**ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ**
**အင်ဂျင်နီယာအသင်းချုပ်**

မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေးနှစ် (၁၀၀) ပြည့် ရာပြည့်သဘင်ပွဲက အင်ဂျင်နီယာပညာရပ် ဖြစ်ပေါ်တိုးတက်လာတဲ့ အဆင့်ဆင့် သမိုင်းကြောင်းကို ပေါ်လွင်အောင် ပြသနိုင်တဲ့ပွဲဖြစ်ပါတယ်။ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ Polytechnic University က ကျောင်းသား ကျောင်းသူတွေကို Student Members အသင်းဝင်အဖြစ် လက်ခံသွားမယ်။ ပြီးတော့ ကျောင်းသား ကျောင်းသူတွေ သိသင့်သိထိုက်တဲ့ အင်ဂျင်နီယာပညာရပ်တွေနဲ့ ပတ်သက်ပြီး အသိပညာတွေ ဟောပြောဖြန့်ဝေပေးသွားမှာဖြစ်ပါတယ်။ ကျောင်းသူ ကျောင်းသားတွေအတွက် အကျိုးရှိစေမှာပါ။ ကျွန်တော်တို့ အသင်းချုပ်အနေနဲ့ အင်ဂျင်နီယာပညာရပ်နဲ့ပတ်သက်တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိုအားကြိုးမာန်တက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဒေါ်အေးမြင့်ဆွေ**
**ဦးစီးအရာရှိ**
**ရေအရင်းအမြစ်နှင့်**
**ဆည်မြောင်းဦးစီးဌာန**

ရာပြည့်သဘင်ရဲ့ ဖိုရမ်ဆွေးနွေးမှုမှာ ကျွန်မတို့ ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ ဆည်မြောင်းနဲ့ ပတ်သက်တဲ့ စာတမ်းတစ်ခုကို ပါဝင်ဆွေးနွေးမှာဖြစ်ပါတယ်။ Irrigation Works in Myanmar (Current Status, Technological Advancements and Challenges) ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆွေးနွေးမှာဖြစ်ပြီး ဆည်မြောင်းဒီဇိုင်းတွေကို ခေတ်မီနည်းပညာတွေနဲ့ ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင်လုပ်နေလဲဆိုတဲ့ အကြောင်းအရာတွေ၊ ကျွန်မတို့နိုင်ငံရဲ့ ဆည်မြောင်းသမိုင်း၊ ဆည်မြောင်းကဏ္ဍမှာ အင်ဂျင်နီယာတွေ ရင်ဆိုင်ကျော်လွှားရမယ့် အခက်အခဲတွေနဲ့ ဒီအခက်အခဲတွေကို ဘယ်လို ပေါင်းစပ် ဖြေရှင်းရမလဲဆိုတဲ့ အချက်တွေ ပါဝင်မှာ ဖြစ်ပါတယ်။ အင်ဂျင်နီယာဘာသာရပ်မှာဆိုရင် ဆည်မြောင်းနဲ့ သက်ဆိုင်တာ၊ ဆောက်လုပ်ရေးနဲ့ သက်ဆိုင်တာစတဲ့ ကဏ္ဍစုံရှိတဲ့အတွက် အခုလို စာတမ်းဖတ်ပွဲကျင်းပတဲ့အခါ အားလုံးဆုံကြပြီး အကြံဉာဏ်ကောင်းတွေ၊ ရလဒ်ကောင်းတွေ ရရှိမှာဖြစ်ပါတယ်။

**ဦးမျိုးဝင်း**
**(ပြပွဲလာရောက်ပြသသူ)**
**မန်နေဂျာ၊ MATM Motor**

EV ကဏ္ဍဟာ မြန်မာနိုင်ငံမှာ နည်းပညာနဲ့ပတ်သက်တဲ့ အဆင့်မြင့်ကဏ္ဍတစ်ခုကို ဦးတည်လျှောက်လှမ်းနေပါပြီ။ ဒီနေ့လို သိပ္ပံနည်းပညာကဏ္ဍနဲ့ ပတ်သက်တဲ့ အခမ်းအနားမှာ EV Car တွေကို လာရောက်ပြသတာ ဖြစ်ပါတယ်။ အခုခေတ်မှာ နည်းပညာနဲ့ ပတ်သက်တာတွေကို ဆန်းသစ်ကြတဲ့အခါ သဘာဝ ပတ်ဝန်းကျင်ကိုလည်း အလေးထားလာကြပါတယ်။ အခု ဒီပွဲမှာဆိုရင် အနာဂတ်မြန်မာနိုင်ငံရဲ့ သိပ္ပံနည်းပညာကဏ္ဍရဲ့ ခေါင်းဆောင်တွေဖြစ်လာမယ့် ကျောင်းသား ကျောင်းသူတွေဟာ EV Car ရဲ့ ထုတ်လုပ်မှု ဒီဇိုင်းတွေကို လာရောက်လေ့လာကြပါတယ်။ ကျောင်းသား ကျောင်းသူ အများစုက EV Car ရဲ့ ဘက်ထရီ အစိတ်အပိုင်းနဲ့ ပတ်သက်တာ၊ အာမခံချက်ပေးတဲ့ အပိုင်းတွေ၊ အပိုပစ္စည်းထုတ်လုပ်မှုအပိုင်းတွေစတဲ့ အကြောင်းအရာတွေကို စိတ်ဝင်တစား မေးမြန်းကြပါတယ်။

**ဦးထက်မြက်အောင်**
**မန်နေဂျာ**
**HITACHI SOE ELECTRONIC & MACHINERY CO.,LTD**

ဒီနေ့ပြပွဲမှာ နည်းပညာအသစ်ဖြစ်တဲ့ Transformer တွေကို လာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Transformer တွေကို မြန်မာနိုင်ငံသားလုပ်ငန်းရှင်က နိုင်ငံသား အင်ဂျင်နီယာတွေနဲ့ နည်းပညာ အဆင့်မြင့်မားစွာ ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ နည်းပညာအသစ်တွေကို စဉ်ဆက်မပြတ် တိုးတက်အောင် လုပ်ဆောင်နေပြီး ဒီလိုပြပွဲတွေကနေ အသိပညာတွေ ဖြန့်ဝေပေးနေပါတယ်။ မြန်မာနိုင်ငံမှာပဲ ဒီလို နည်းပညာအမြင့်တွေနဲ့ ထုတ်လုပ်နိုင်တယ်ဆိုတာကို အင်ဂျင်နီယာ ကျောင်းသား ကျောင်းသူတွေ အနေနဲ့ စိတ်ဝင်တစား လာရောက်လေ့လာကြတယ်။ လေ့လာပြီးတော့ သိချင်တာတွေကိုလည်း အသေးစိတ် မေးမြန်းကြပါတယ်။

**မောင်အောင်မင်းခန့်**
**စတုတ္ထနှစ်ကျောင်းသား**
**ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)**

ကျွန်တော်တို့ တက္ကသိုလ်အနေနဲ့ Virtual Campus to Smart Campus ဆိုတဲ့ ခေါင်းစဉ်အောက်က Project တစ်ခု ဖန်တီးထားတာဖြစ်ပါတယ်။ ဒါကို လုပ်ဆောင်တာ ခြောက်လလောက်ရှိပါပြီ။ ဒီ Project ကနေ Energy Consumption စွမ်းအင်သုံးစွဲမှုကို လျှော့ချနိုင်မယ်၊ Power Saving ဖြစ်မယ်၊ အင်တာနက်ရှိရုံနဲ့ အခက်အခဲမရှိ Smart ကျတဲ့ ဘဝနေထိုင်မှုပုံစံကို ရရှိနိုင်မှာဖြစ်ပါတယ်။

**မောင်ကြည်စင်သိန်း**
**စတုတ္ထနှစ်ကျောင်းသား**
**ကွန်ပျူတာတက္ကသိုလ်(ပုသိမ်)**

အခုလို ရာပြည့်အခမ်းအနားမှာ ကျောင်းသားတစ်ဦးအနေနဲ့ ပါဝင်ဆင်နွှဲခွင့်ရတာ ဝမ်းသာပျော်ရွှင်မိပါတယ်။ ကျွန်တော်တို့ ဆောင်ရွက်ထားတဲ့ MSME နဲ့ ပတ်သက်တဲ့ Projectကိုလာရောက်ပြသတာဖြစ်ပါတယ်။ ဒီ Project ကို Web portal အနေနဲ့ ဆောင်ရွက်ထားတာဖြစ်ပါတယ်။ MSME ကဏ္ဍအောက်က စိုက်ပျိုးရေး၊ မွေးမြူရေးစတဲ့ ကဏ္ဍတွေမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အကျိုးကျေးဇူးတွေရရှိမယ့် အချက်အလက်တွေ ရရှိနိုင်ပါတယ်။ ပြီးတော့ ဧရာဝတီတိုင်းဒေသကြီးရဲ့ ထုတ်ကုန်တွေ၊ စီးပွားရေးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေကိုလည်း လေ့လာနိုင်ပါတယ်။ ပြီးတော့ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ ကျွန်တော်တို့ Project ကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်လိုပါတယ်။ ။


ဒေါက်တာစိုးလင်းအောင်


ဦးခင်မောင်ဌေး


ဒေါ်အေးမြင့်ဆွေ


ဦးမျိုးဝင်း



ဦးထက်မြက်အောင်


မောင်အောင်မင်းခန့်


မောင်ကြည်စင်သိန်း

## မြန်အောင်မြို့ မြို့မနေခြည်ဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

မြန်အောင် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မြို့မ နေခြည်ဈေးကြီးတွင် နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ဈေးကော်မတီဝင်များနှင့် ဈေးသူဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်နည်း ဇာတ်တိုက်လေ့ကျင့်မှုကို ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ မြန်အောင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြခြင်း၊ ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ခြင်းနှင့် မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်မောင်ထွေးက ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ရောဦးသာ (မြန်အောင်)



# ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် အစ္စရေး၏ကျူးကျော်မှုကို အဆုံးသတ်ရန်တောင်းဆိုသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချမှုအပေါ် ရှုတ်ချ

ရာမာလာ နိုဝင်ဘာ ၂၁

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေးနှင့် အစ္စရေး၏ ကျူးကျော်မှုကို အဆုံးသတ်ရန် တောင်းဆိုသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဗီတိုအာဏာဖြင့် ပယ်ချမှုအပေါ် ပါလက်စတိုင်းသမ္မတ မာမွတ် အာဘတ်စ်က ရှုတ်ချကြောင်း ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များသည် ပါလက်စတိုင်းနှင့် လက်ဘနွန်လူမျိုးများအပေါ် နိုင်ငံတကာဥပဒေ ချိုးဖောက်ကာ တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိစဉ် အမေရိကန်နိုင်ငံက နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ဗီတိုအာဏာဖြင့် ပယ်ချခဲ့ကြောင်း ပါလက်စတိုင်း သတင်းအေဂျင်စီ WAFA မှ ထုတ်ဝေသော သတင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ရန်လိုမှုကို ရပ်တန့်ရန်၊ အပစ်အခတ်ရပ်စဲရေးကို ကျင့်သုံးရန်နှင့် အကာအကွယ်မဲ့ ပါလက်စတိုင်းလူမျိုးများအပေါ် အစ္စရေးတပ်ဖွဲ့ဝင်များ၏ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများကို ဖြေရှင်းပေးရန် ပါလက်စတိုင်းက ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် နိုင်ငံတကာအသိုင်းအဝိုင်းထံ တောင်းဆိုခဲ့ကြောင်း အဆိုပါ



ထုတ်ပြန်ချက်တွင် ပါရှိသည်။

အမေရိကန်၏ ဗီတိုအာဏာကျင့်သုံးမှုသည် တရားမျှတမှုမရှိကြောင်း၊ နိုင်ငံတကာအသိုက်အဝန်း၏ဆန္ဒနှင့် ထပ်တူမကျကြောင်း ပါလက်စတိုင်း နိုင်ငံခြားရေးဝန်ကြီး ဖာဆန်ရှာဟီက ပြောကြားသည်။

အမေရိကန်နှင့် အစ္စရေးတို့သည် နီးကပ်သော လုပ်ဖော်ကိုင်ဖက်များဖြစ်ပြီး ဂါဇာကမ်းမြောင်ရှိ အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးခြင်းနှင့် ကလေးများနှင့် အမျိုးသမီးများကို သတ်ဖြတ်ခြင်းအတွက် အမေရိကန်တွင် တာဝန်ရှိကြောင်း ဟားမတ်စ်က ကြေညာခဲ့သည်။

စစ်ပွဲများအဆုံးသတ်ရန်နှင့် ဒေသတွင်းလုံခြုံရေးနှင့် တည်ငြိမ်ရေးရရှိရန် အမှန်တကယ်ကြိုးပမ်းမည်ဆိုပါက ရန်လိုသောမူဝါဒကို ရပ်တန့်ရန် ဟားမတ်စ်အဖွဲ့က ၎င်း၏ကြေညာချက်တွင် အမေရိကန်နိုင်ငံအား တောင်းဆိုခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ၌ အပစ်အခတ်ရပ်စဲရေး ချက်ချင်းရပ်တန့်ရန် တောင်းဆိုသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်ပြည်ထောင်စုက ဗီတိုအာဏာသုံးကာ ပယ်ချပြီးနောက် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအများစု၏ ဝေဖန်မှုများ ထွက်ပေါ်လာကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတမ်း မဟုတ်သော အဖွဲ့ဝင် ၁၀ နိုင်ငံက တင်ပြသည့် မူကြမ်းသည် ချက်ချင်း၊ ခြွင်းချက်မရှိ၊ အမြဲတမ်း အပစ်အခတ်ရပ်စဲရေးအပြင် ဓားစာခံအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန် တောင်းဆိုထားသည်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အဆိုပါဆုံးဖြတ်ချက်အား ထောက်ခံမဲ ၁၄-၁ မဲဖြင့်မဲပေးခဲ့ပြီးအမေရိကန်ပြည်ထောင်စုသည် ၎င်းဆုံးဖြတ်ချက်မူကြမ်းအား ပယ်ချရန်အတွက် အမြဲတမ်းကောင်စီအဖွဲ့ဝင်အဖြစ် ဗီတိုအာဏာ သုံးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ဆေးတပ်ဖွဲ့နှင့် လာအိုတပ်မတော် ဆေးတပ်ဖွဲ့တို့ ဆေးဘက်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်ခန်း “The Peace Train-2024” အား ပူးတွဲလေ့ကျင့်

ဗီယင်ကျန်း နိုဝင်ဘာ ၂၁

တရုတ် ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ဆေးတပ်ဖွဲ့နှင့် လာအိုတပ်မတော် ဆေးတပ်ဖွဲ့တို့အကြား ရှာဖွေကယ်ဆယ်ရေး အကူအညီနှင့် ဆေးဘက်ဆိုင်ရာ အကူအညီများ ပေးအပ်ရန် ရည်ရွယ်ကျင်းပသည့် ဆေးဘက်ဆိုင်ရာ ပူးတွဲစစ်ရေးလေ့ကျင့်ခန်း “The Peace Train–2024”အား လာအိုနိုင်ငံ အလယ်ပိုင်း ဗီယင်ကျန်းပြည်နယ် ဖုန်ဟောင်ခရိုင်တွင်တည်ရှိသည့် ဖုန်ဟောင်ဘူတာတွင် ကျင်းပခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။



နိုဝင်ဘာ ၂၀ ရက်က ကျင်းပခဲ့သည့် ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေး ပူးပေါင်းစစ်ရေးလေ့ကျင့်ခန်းသည် နှစ်နိုင်ငံစစ်ဘက်ဆိုင်ရာ စီမံကွပ်ကဲမှုနှင့် ပူးပေါင်းရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်ခဲ့မှုကို ထင်ဟပ်စေခဲ့ပြီး အဆိုပါ လေ့ကျင့်မှုများအတွင်း ဒဏ်ရာရရှိသူနှင့် ဖျားနာသူများအား ကုသပေးခြင်း၊ ကူးစက်ရောဂါကာကွယ်တားဆီးရေးနှင့် ဆေးဘက်ဆိုင်ရာ အရေးပေါ်ကုသရေးဆိုင်ရာ စီမံခန့်ခွဲခြင်းလုပ်ငန်းများကို လေ့ကျင့်ခဲ့ကြသည်။

အဆိုပါလေ့ကျင့်မှုအတွင်း တရုတ်-လာအို ဆေးဘက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့သည် သဘာဝဘေးသင့်ဒေသများသို့ ဝင်ရောက်ကာ ဒဏ်ရာရရှိသူများနှင့် ဖျားနာသူများကို အရေးပေါ်ကုသရေးများ စီစဉ်ပေးခြင်း၊ ကယ်ဆယ်ရေး ရဟတ်ယာဉ်များ၊ လူနာတင်ယာဉ်များ အသုံးပြုကာ ဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခြင်းနှင့် ခွဲစိတ်ကုသခြင်းလုပ်ငန်းတို့ကို လေ့ကျင့်ခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - စိုးသူရ




# ရုရှားနိုင်ငံက ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ရထားလမ်းကွန်ရက်များနှင့် နယ်စပ်ဖြတ်ကျော်ရေး စခန်းများကို အဆင့်မြှင့်တင်မည်

မော်စကို နိုဝင်ဘာ ၂၁

ရုရှားနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှုတိုးမြှင့်ရန်အတွက် ရထားလမ်းကွန်ရက်များနှင့် နယ်စပ်ဖြတ်ကျော်ရေးစခန်းများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံဝန်ကြီးချုပ် မီခေးမီရှူစတင်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

ရုရှားနိုင်ငံ၏ ရထားလမ်းကွန်ရက်များကို အဆင့်မြှင့်တင်ခြင်းဖြင့် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်မှု အဆင်ပြေချောမွေ့လာမည်ဖြစ်သောကြောင့် ရထားလမ်းကွန်ရက်များ အဆင့်မြှင့်တင်ခြင်းကို သမ္မတ ဗလာဒီမာပူတင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မီခေးမီရှူစတင်က ထပ်လောင်းပြောကြားသည်။

## အီလက်ထရွန်နစ်စနစ်ဖြင့် လက်ခံ

ထို့ပြင် နယ်စပ်ဖြတ်ကျော်ရေးစခန်းများတွင်လည်း နိုင်ငံအတွင်း ဝင်ရောက်လာသူ ခရီးသွားများ၏ လိုအပ်သည့် စာရွက်စာတမ်းများကို အီလက်ထရွန်နစ်စနစ်ဖြင့် လက်ခံစစ်ဆေးဆောင်ရွက်မှုကို လာမည့်နှစ်များအတွင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

၎င်းလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဆိုပါက ရုရှားနိုင်ငံ၏ နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးစကြံတွင် ဝင်ထွက်သွားလာမှု ပိုမိုများပြားလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကိုးကား - တက်စ်သတင်းဌာန

ဘာသာပြန် - စိုးသူရ

# ဂျပန်နိုင်ငံထုတ် မျောက်ကျောက်ရောဂါကာကွယ်ဆေး အရေးပေါ်အသုံးပြုခွင့်ရရှိ

ဂျီနီဗာ နိုဝင်ဘာ ၂၁

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် မျောက်ကျောက်ရောဂါ တိုက်ဖျက်ရန်အတွက် ဂျပန်နိုင်ငံမှထုတ်လုပ်သည့် ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ယမန်နေ့က ခွင့်ပြုခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း အာဖရိက ၁၉ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၈၀ တွင် မျောက်ကျောက်ရောဂါကူးစက်မှုများ ဖြစ်ပွားလျက်ရှိသည်။

ကုလသမဂ္ဂအေဂျင်စီက မျောက်ကျောက်ရောဂါကူးစက်မှုသည် နိုင်ငံတကာ၏ စိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ဩဂုတ်လတွင် ကြေညာခဲ့သည်။ အာဖရိကအလယ်ပိုင်းရှိ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် လူပေါင်း ၁၀၀၀ ကျော် သေဆုံးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကူမာမိုတိုမြို့အခြေစိုက် KM Biologics ဆေးဝါးကုမ္ပဏီက ထုတ်လုပ်သည့် အဆိုပါ မျောက်ကျောက်ရောဂါကာကွယ်ဆေးကို အရေးပေါ်အသုံးပြုမှုစာရင်းတွင် ထည့်သွင်းခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က နိုဝင်ဘာ ၂၀ ရက်တွင် ပြောကြားသည်။

စက်တင်ဘာလတွင် ဒိန်းမတ်နိုင်ငံရှိ ဆေးဝါးကုမ္ပဏီတစ်ခုက ထုတ်လုပ်သည့် ကာကွယ်ဆေးကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်အသုံးပြုရန် ခွင့်ပြုခဲ့သည်။ ယခုကာကွယ်ဆေးသည် ဒုတိယအကြိမ် ခွင့်ပြုပေးခြင်းဖြစ်သည်။ မျောက်ကျောက်ရောဂါကူးစက်မှု များပြားနေသည့်ရပ်ရွာများတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

ဂျပန်အစိုးရသည် ကာကွယ်ဆေး ၃ ဒသမ ၀၅ သန်းကို ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ဆေးထိုးအပ်များနှင့်အတူ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ရေနံ့သာစိုးလှိုင်၏ (၉၃)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မအိုသေးသောအတိတ်....တေးပုံရိပ် အခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၁

နိုင်ငံကျော် ဂန္ထဝင်တေးရေး၊ တေးဆိုပညာရှင် ရေနံ့သာစိုးလှိုင်၏ (၉၃) နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မအိုသေးသော အတိတ်......တေးပုံရိပ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ အနောက်ရွှေဂုံတိုင်လမ်းရှိ M3 Food Center ၌ ကျင်းပသည်။




အခမ်းအနားတွင် ရေနံ့သာစိုးလှိုင် ရေးခဲ့၊ သီဆိုခဲ့၊ ကျော်ကြားခဲ့သည့် တေးသီချင်းများကို တေးသံရှင် တင်တင်မြ၊ သန်းမြတ်စိုး၊ မောင်သိန်းဝင်းနှင့် တေးသံရှင်များက တေးဂီတ တယော ဦးတင်ငွေအဖွဲ့၏ တီးခတ်မှုဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

မဟာဂီတ အဆို၊ အတီးများကို လေ့လာတတ်ကျွမ်းသူဖြစ်သည့် ရေနံ့သာစိုးလှိုင်က ရင်တွင်းမြစ်ဖျားဘဝနှင့် ဂီတစီးဆင်းမှု စာစုများစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ရေနံ့သာစိုးလှိုင်၏ သီချင်းများမှာ အကြောင်းအရာစုံလင်ပြီး အချစ်၊ အလွမ်း၊ သဘာဝနှင့် မြန်မာ့ယဉ်ကျေးမှုများ ပါဝင်ပြီး အလွန်ရသမြောက်ကာ ယနေ့အချိန်ထိ အောင်မြင်နေဆဲဖြစ်သည်။ **သတင်းစဉ်**




# "ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၂၁

"ချစ်စရာ့အရွယ်ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ နိုဝင်ဘာ ၂၃ ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ စမ်းချောင်းမူလတန်းကြိုကျောင်းနှင့် ကျွန်းတောမူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များဖြင့် ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၂၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီသတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

# "အမျိုးသားအောင်ပွဲနေ့" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်




နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတ ဖျော်ဖြေပွဲများကို အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီသင့်လျော်စွာ ဆန်းသစ်တင်ဆက်လျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်တွင် ရောက်ရှိမည့် (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် " အမျိုးသားအောင်ပွဲနေ့" ဂုဏ်ပြုတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ နိုဝင်ဘာ ၂၂ ရက် (သောကြာနေ့) ည ၉ နာရီခန့်တွင် တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် ထက်မြက်စိုး၊ ရသ၊ ဝိုင်းလမင်းအောင်၊ စိုးထက်အောင်၊ မင်းသားလေး၊ စိုးညီညီ၊ ကြူကြူခိုင်၊ အိအိလှိုင်၊ ကုဋ္ဌခင်နှင့် မြင့်မြတ်ကျော်တို့က အမျိုးဂုဏ်/ဇာတိဂုဏ်မြှင့်တင်နိုင်မည့် ဇာတိမာန်တက်ကြွဖွယ် တေးသီချင်းများဖြင့် ရွေးချယ်သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် နိုဝင်ဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ၂၀၂၄ – ၂၀၂၅ ခုနှစ် မိုးစပါး(ရွှေရင်အေး )စံကွက်ရိတ်သိမ်းပွဲကို ပြင်ဦးလွင်မြို့နယ် မြိုင်ကြီးကျေးရွာရှိ တောင်သူ ဦးမြင့်အောင်၏ လယ်ယာစိုက်ခင်းတွင် ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ထိုသို့ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြပြီး မိုးစပါး စံကွက်အား ရိတ်သိမ်းရာတွင် တစ်ဧကအစိုတင်း ၁၂၀ ထွက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ ဆက်)**



# ကျုံပျော်မြို့နယ်၌ ဆုံဆို့-မေးခိုင်ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးများ ထိုးနှံ

ကျုံပျော် နိုဝင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ကျောင်းအခြေပြု ဆုံဆို့–မေးခိုင် ကာကွယ်ဆေးနှင့် သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးများကို အခြေခံပညာမူလတန်းကျောင်းနှင့် ဘုန်းတော်ကြီးသင် မူလတန်းကျောင်း စုစုပေါင်း ၂၅၇ ကျောင်းတို့တွင် နိုဝင်ဘာ ၂၀ ရက်မှ စတင်ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာအောင်ဇော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကျုံပျော်တွင် ၂၀၂၄ –၂၀၂၅ ပညာသင်နှစ်တွင် အသက် ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော KG ကျောင်းသား ကျောင်းသူ ၄၃၁၈ ဦးအား ဆုံဆို့–မေးခိုင် ကာကွယ်ဆေးနှင့် အသက် ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၁၉၇၆ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❒ ဘုရားဖူးမှ

တောင်တက်လမ်းလျှောက်ရာသီကို ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး မော်လမြိုင်မြို့အပါအဝင် ကျိုက်မရောမြို့၊ မုတ္တမမြို့နှင့် ဘီလူးကျွန်းအစရှိသည့်နေရာဒေသများအပြင် နေရာဒေသအနှံ့အပြားမှ ဘုရားဖူးဧည့်သည်များ လာရောက်တောင်တက်လေ့ရှိသည်။ **MT**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## RI IT COLLEGE

## ဂျပန်နိုင်ငံသို့ IT Engineering ဖြင့် သွားရောက်လုပ်ကိုင်လိုသူများအတွက် သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

(၁) ဂျပန်နိုင်ငံတွင် လုပ်ခလစာမြင့်မားပြီး IT နှင့် ဂျပန်စာကို စိတ်ဝင်စားသည့် လူငယ်များအတွက် **RI IT College မှ RI Designated Program** သင်တန်းအတွက် သင်တန်းသားဦးရေ စတင်လက်ခံနေပါသည်။
 (က) ITပညာရပ်ကိုစိတ်ဝင်စားသည့်လူငယ်များ
 (ခ) IT ဘက်သို့ Career ပြောင်းချင်သူများ
 (ဂ) IT ကိုသာမက ဂျပန်ဘာသာစကားကိုပါ စိတ်ဝင်စားသူများ
 (ဃ) သင်တန်းပြီးလျှင် **On Job Training (OJT)** ဖြင့် လုပ်ငန်းခွင် အတွေ့အကြုံလိုချင်သူများ လျှောက်ထားနိုင်ပါသည်။
(၂) သင်တန်းကာလ ( **၁ နှစ် ၆ လ** )
(၃) သင်တန်းချိန် တနင်္လာနေ့မှ သောကြာနေ့ နံနက် (၉)နာရီမှ ညနေ(၄)နာရီ အထိ
(၄) သင်တန်းသားဦးရေ ကန့်သတ်လက်ခံမည်။
(၅) အသေးစိတ်ကို **RI IT COLLEGE** အမှတ်(၅)၊ ယုဇနလမ်း (ယုဇန ပလာဇာအနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း ၀၉ - ၉၆၄၀၅၁၃၃၂၊ ၀၉- ၂၆၂၆၂၀၇၅၄ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - သမိုင်း/၄၃၊ ဦးပိုင်အမှတ်(၃/က)၊ ဧရိယာ(၄.၄၉)ကေရှိ အိမ်ရာမြေအမျိုးအစား မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသည့်(၃၅ပေx၇၃ပေ)ရှိ အိမ်အမှတ်- ၆၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့ကို တရားဝင် နေထိုင်ပြီး လက်ရှိ ပိုင်ဆိုင်၍ အမွေဆိုင် အရှုပ်အရှင်းကိစ္စတို့ ကင်းရှင်းပါကြောင်းနှင့် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများ - ၁။ ဦးလှရွှေ [၁၂/ရပသ(နိုင်)၀၁၂၀၀၉] ၂။ ဒေါ်ခင်ဌေး[၁၂/မဂဒ(နိုင်)၀၀၈၈၀၁] ၃။ ဦးသောင်းစိန် [၁၂/ဥကမ(နိုင်)၀၄၉၁၇၇] ၄။ဒေါ်မိုးမိုးမြင့်[၁၂/မရက(နိုင်)၀၆၁၂၃၅] ၅။ ဒေါ်သိန်းသိန်းနု [၈/မလန(နိုင်)၀၀၆၉၁၈] ၆။ဦးလှဝင်း [၁၂/မဂဒ(နိုင်)၁၀၇၃၇၄] ၇။ ဦးတင်အောင်ဇော် [၁၂/လကန(နိုင်)၀၃၁၇၁၆]တို့ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေများ)ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ကြည်ထွေး (L.L.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၂၃၀၀)**
**အမှတ်(၁၆/ခ)၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-420058553, 09-799466954**

## တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ သာယာအေးရပ်ကွက်၊ မယ်တော်ကြီးလမ်း၊ အိမ်အမှတ် (၁၆၀/က) နေ(ဘ) ဦးသိန်းဝင်း၏ သမီးဖြစ်သူ ဒေါ်အိအိဖြိုး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၂၂၀၁၀၉] ကိုင်ဆောင်သူနှင့်(ဘ) ဦးတင်မောင်မြင့်၏ သားဖြစ်သူ ဦးတင်ကိုမြတ် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၄/မမန(နိုင်)၁၅၃၇၆၉] ကိုင်ဆောင်သူတို့သည် ၂၀၂၄ခုနှစ်၊ သြဂုတ်လ (၁၂) ရက်နေ့၌ တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း၊ ထိုသို့ ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးတင်ကိုမြတ်နှင့် ဒေါ်အိအိဖြိုးတို့သည် တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွယ်မှုမရှိတော့ပါကြောင်း ဒေါ်အိအိဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိအိဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာဝေ(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၄၇၆၁)**
**အမှတ်(၃၀/ဘီ)၊ မဟော်သဓာလမ်း၊ သာယာအေးရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ ဖုန်း-၀၉-၆၉၉၉၂၃၂၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သကတ-၁၀၊ မြေကွက်အမှတ်- ၅၆၅၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာအမှတ်-၅၆၅၊ ဂေါက်ကွင်းပတ်လမ်း၊ ဒိုင်စုရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်စောကြည် [၅/ကလထ(နိုင်)၀၀၂၂၈၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စောကြည် [၅/ကလထ(နိုင်)၀၀၂၂၈၈] (မိခင်)သည် (၁၅-၆-၂၀၂၁)ရက်နေ့တွင် လည်းကောင်း၊ ဦးချန်စိန်ဝင်း(ဖခင်)သည် (၂၀-၉-၂၀၂၄)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဒေါ်စုစုဝင်း [၅/ကလထ(နိုင်)၀၀၀၉၁၈]၊ ဦးဝေရှင်း [၅/ကလထ(နိုင်) ၀၀၀၉၁၉]၊ ဒေါ်သက်သက်ဝင်း [၅/ကလထ(နိုင်)၀၀၁၄၅၆]၊ ဦးဝေရှိန် [၅/ကလထ(နိုင်)၁၀၉၃၇၄] တို့မှ ကွယ်လွန်သူ မိဘနှစ်ပါးတွင် ၎င်းတို့(၄)ဦးသာ မွေးဖွားထွန်းကားကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော သားသမီး မွေးချင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမ သားသမီးမွေးစားခြင်းလည်းမရှိကြောင်း၊ ၎င်းတို့သာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

AVIAREPS Myanmar Company Limited အား ဦးဟိန်းသန့် [၁၂/ဗတထ(နိုင်)၀၃၂၇၆၉] မှ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခုအခါ ဦးဟိန်းသန့်မှာ ရာထူးမှ နုတ်ထွက်သွားပါသဖြင့် ဒေါ်ခင်စံပယ်အောင် [၁၂/ဗဟန(နိုင်)၀၈၇၂၃၅] မှ Managing Director အဖြစ် တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဒေါ်ခင်စံပယ်အောင်မှ AVIAREPS Myanmar Company Limited ၏ Managing Director အဖြစ် တာဝန်ထမ်းဆောင်ခြင်းအပေါ် ကန့်ကွက်လိုပါက အထောက်အထားများဖြင့် (၁၄) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**AVIAREPS Myanmar Company Limited**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆/အဆင့်မြင့်)၊ မြရတနာလမ်း၊ မြေကွက်အမှတ်(၇၈၄)ကို သတ်မှတ်နှုန်းထားဖြင့် ဝယ်ယူခွင့်ပြုပါရန် ဦးနိုင်ဝင်းထွန်း[၁၂/ဥကမ(နိုင်)၁၈၀၂၅၄]က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လိပ်မူပြီး လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းတဲကြီး၊ မြေကွက်အမှတ်-၂၂၊ မြေကွက်တည်နေရာ-ရှမ်းတဲကြီးကျေးရွာ၊ အောင်မင်္ဂလာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးအောင်ဇင်[၁၂/ဒဂရ(နိုင်) ၀၀၇၈၃၄]ဂရန်ပေး စီမံချက်မြေအမည်ပေါက်၊ ဧရိယာ(၁၉'/၂၀'x၁၂၀'/၁၂၉') စတုရန်းပေ၊ ရှမ်းတဲကြီးစီမံချက်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်း၊ ဒဂုံအရှေ့မြေငှားဂရန်ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှုမှန်ကန်ကြောင်းနှင့် နှစ်(၆၀)ဂရန် လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါငယ်စာရင်းသတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ်အဆောက်အဦတစ်လုံးရှိပြီး လျှောက်ထားသူကိုယ်တိုင် နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဦးအောင်ဇင်မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- FMI-၈၊ မြေကွက်အမှတ်- ၅၃၉၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေကွက်တည်နေရာ အမှတ်-C-10၊ ပိတောက်ဝါ(၆)လမ်း၊ (၄)ရပ်ကွက်၊ FMI City၊ လှိုင်သာယာမြို့နယ်၊ ဦးချန်စိန်ဝင်း[၅/ကလထ(နိုင်)၀၀၂၂၈၆] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးချန်စိန်ဝင်း[၅/ကလထ(နိုင်)၀၀၂၂၈၆](ဖခင်)သည် (၂၀-၉-၂၀၂၄)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်စောကြည်(မိခင်)သည် (၁၅- ၆-၂၀၂၁) ရက်နေ့တွင်လည်းကောင်း ကွယ်လွန်သွားပါသဖြင့် ဒေါ်စုစုဝင်း [၅/ကလထ(နိုင်)၀၀၀၉၁၈]၊ ဦးဝေရှင်း [၅/ကလထ(နိုင်) ၀၀၀၉၁၉]၊ ဒေါ်သက်သက်ဝင်း [၅/ကလထ(နိုင်)၀၀၁၄၅၆]၊ ဦးဝေရှိန် [၅/ကလထ(နိုင်)၁၀၉၃၇၄]တို့မှ ကွယ်လွန်သူ မိဘနှစ်ပါးတွင် ၎င်းတို့(၄)ဦးသာ မွေးဖွားထွန်းကားကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ ကိတ္တိမသားသမီးမွေးစားခြင်းလည်းမရှိကြောင်း၊ ၎င်းတို့သာလျှင် တရားဝင် အမွေဆက်ခံခွင့် ရှိပါကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ရွှေ [၉/ညဥန(နိုင်)၁၈၉၂၂၁] ကိုင်ဆောင်သူထံ ဦးမောင်ကြီး[၁၁/ပတန(နိုင်)၀၄၅၅၆၉]ကိုင်ဆောင်သူမှ ၎င်းပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာလျက် ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၆)၊ မြေကွက်အမှတ်(၆၈၇)၊ သီရိရောလမ်းဟုခေါ်တွင်သော အကျယ်အဝန်း (အလျား ၄၀ပေxအနံ ၆၀ ပေ)ရှိသည့်အနက် ခြေရင်းဘက် လမ်းထောင့်ဘက်ခြမ်းရှိ အကျယ်အဝန်း(အလျား ၂၀ပေxအနံ ၆၀ပေ)ရှိတရားဝင်မခွဲမစိတ်ရသေးသော မြေနှင့်အဆောက်အဦအား မူလအမည်ပေါက် ဦးမြင့်ဦး [၁၂/တမန(နိုင်) ၀၄၈၀၁၆]အမည်ပါရှိသည့် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူဖြစ်သော ဖော်ပြပါရောင်းချသူမှ ကျွန်ုပ်၏ မိတ်ဆွေထံသို့ ပါမစ်မိတ္တူဖြင့် ထပ်မံရောင်းချရာတွင် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ စရန်ငွေအချို့တစ်ဝက် ပေးချေထားပြီးဖြစ်ရာ မည်သူမဆို အရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ခိုင်လုံသည့်အထောက်အထားများနှင့် လာရောက်၍ ကန့်ကွက်နိုင်ပါ ကြောင်းနှင့် အကယ်၍သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည့် အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်မျိုးညွှန့်(LL.B)**
**အထက်တန်းရှေ့နေ(စဥ်-၄၂၅၃၃/၁၃) (၃၀-၈-၂၀၁၃)**
**အမှတ်(၈၂၅)၊ အောင်သပြေအရှေ့(၉)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်ရှိ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း(ဗဟို)ပိုင် ရုံးအဆောက်အဦ ဆောက်လုပ်ရန်ရှိပါသဖြင့် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ၊ ကန်ထရိုက်တာများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူမည်ဖြစ်ပါသဖြင့် နိုင်ငံသားမည်သူမဆို အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်လုပ်ငန်းများ- ၂ ထပ်အဆောက်အဦ ဆောက်လုပ်ခြင်းလုပ်ငန်း
 (က) အတိုင်းအတာ (အလျား၄၀ ပေ x အနံ ၃၅ ပေ x အမြင့်၃၀ ပေ)RC အမျိုးအစား
 (ခ) အဆိုပါအဆောက်အဦအတွက် အတွင်း/အပြင် လျှပ်စစ်လုပ်ငန်းအပါအဝင်
 (ဂ) အဆိုပါအဆောက်အဦအတွက် ရေ၊ ရေစက်နှင့်ဆက်နွယ်သောလုပ်ငန်း (၄''အဝီစိတွင်း သောက်သုံးရေ ရသည်အထိနှင့် Pump House အပါအဝင်)
 (ဃ) ရေဆင်းနှင့်ရေမြောင်း (Apron & Drain) ဆောင်ရွက်ခြင်းလုပ်ငန်းအပါအဝင်
 (င) Over Head Tank (1000) ဂါလန်နှင့် Ground Tank (1000) ဂါလန် အပါအဝင်
 (စ) မိလ္လာကန်နှင့် ရေစစ်ကန်စသည့် ဆက်စပ်လုပ်ငန်း အပါအဝင်
၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ လိပ်စာတွင် ထုတ်ယူပြီးလျှောက်ထားနိုင်ပါသည်-
 တင်ဒါလျှောက်လွှာပုံစံများစတင်ထုတ်ယူရန် -၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် နံနက် ၉:၀၀ နာရီ။
 တင်ဒါစတင်လက်ခံမည့် နေ့ရက်နှင့် အချိန် -၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၂ ရက် နံနက် ၉:၀၀ နာရီ။
 တင်ဒါပိတ်မည့်နေ့ရက်နှင့် အချိန် -၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၅ ရက် ညနေ ၅:၀၀ နာရီ။
၃။ တင်ဒါလျှောက်လွှာများ ထုတ်ယူ/တင်သွင်းရန်လိပ်စာ -
 တင်ဒါကော်မတီ (Tender Committee)
 မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း
 တီဘီဆေးရုံလမ်း၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
 ဆက်သွယ်ရန်ဖုန်းအမှတ် - ၀၁ ၆၄၅၇၂၂၊ Fax: 01 645722
 email: mhaa.central@myanmarhaa.org / mhaa.om@myanmarhaa.org

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၁၉၈)၊ မြေကွက်တည်နေရာအမှတ်(၁၉၈)၊ ပဒေသရာဇာလမ်း၊ (၄၁)ရပ်ကွက်၊ဒဂုံမြောက်၊ ဦးစံငြိမ်း(AA-၁၁၂၉၁၉)၊ နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးစံငြိမ်း(ဖခင်)နှင့် ဒေါ်ခင်ကြီး(မိခင်)တို့အသီးသီးကွယ်လွန်သဖြင့် ၎င်းတို့မိဘများမှမွေးဖွားသည့် တစ်ဦးတည်းသော သမီး ဖြစ်သူ ဒေါ်စန်းစန်းမော်[၁၂/မဂတ(နိုင်)၀၃၈၆၁၈]မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့်သမီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံသူတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကိတ္တိမသားသမီးများလည်းမွေးစားထားခြင်းလုံးဝမရှိကြောင်း၊ အထက်ပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ကျန်ရစ်သူတစ်ဦးတည်းသော သမီးဖြစ်သူ မိမိသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မိဘများ၏သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်၊ နိုင်/ကတ်တို့တင်ပြ၍ ဒေါ်စန်းစန်းမော်မှ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက် အတွင်း ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျန်စစ်သား ရပ်ကွက် ဇေယျာသီရိမြို့နယ် နေပြည်တော်နေ နန်းခေါင်(ခ) နန်းဆိုင်ခေါင် [၁၃/ဆဆန(နိုင်)၀၅၂၄၉၂]သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**နန်းဆိုင်ခေါင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-ရှမ်းတဲကြီး၊ မြေကွက်အမှတ်-၁၁၉၊ မြေကွက်တည်နေရာအမှတ်-၁၁၉၊ ရွာသစ်(၂)လမ်း၊ ရှမ်းတဲကြီးကျေးရွာ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်ချိုချိုမော်[၉/ကဆန(နိုင်) ၁၁၃၃၈၈] ဂရန်ပေးစီမံချက်မြေ အမည်ပေါက်၊ ဧရိယာ(၂၇'x၁၂၀'/၁၁၃')ဧက၊ ရှမ်းတဲကြီးစီမံချက်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ မြေငှားဂရန် ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှု မှန်ကန်ကြောင်းနှင့် နှစ်(၆၀)ဂရန် လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါငယ်စာရင်း သတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေး ကတ်တို့တင်ပြ၍ ဂရန်သစ် လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်း စစ်ဆေးရာ မြေပေါ်တွင် မြေကွက်လပ်ဖြစ်ပြီး ကွင်းဆင်းသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်ချိုချိုမော်မှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ(အဖ) ဦးအောင်ဖြိုးသူ [၁၂/ဥကတ(နိုင်)၁၇၁၇၈၆]နှင့် အမိ ဒေါ်ခင်စမ်းမိုး[၁၂/ရကန(နိုင်)၀၆၁၈၆၆]တို့၏ သမီး အ.လ.က(၄)၊G-3တွင် ပညာသင်ကြားနေသော မဆုသီရိထက်အား မဆုသီရိစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုသီရိစံ**

## အများသိစေရန်ကြေညာချက်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ရဲဘော်ကုန်း(၁)လမ်း၊ အမှတ် (၃၉)နေသူ ဦးကျော်ကျော်အောင်[၁၀/မလမ(နိုင်)၁၈၅၂၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

အထက်အမည်ပါရှိသူ ကျွန်ုပ်မိတ်ဆွေသည် မော်လမြိုင်မြို့၊ မြို့မြေစာရင်း၌ (မပုဆိုးမ)အမည်ဖြင့် အမှတ်အသား လက်ရှိအတည်ဖြစ်သည့် မြေကွက် ဧရိယာ(၅၀x၆၀)ပေ၏ (အလယ်ဗဟိုချက်)တည်ရှိရာ ဧရိယာ(၂၀x၆၀)ပေအကျယ်ပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်အိုဟောင်းပါရှိသည့် မြေ၏မြေခွန်ပေးဆောင်သူ ဦးချစ်စိန်အမည်ပေါက် မြေခွန်ပြေစာနှင့် ဦးဘသိန်းအမည်ဖြင့် အိမ်သုံးလျှပ်စစ်မီတာ(၁)လုံး တွယ်ကပ်တပ်ဆင်ပါရှိသည့် မော်လမြိုင်မြို့၊ ဓမ္မစာရီလမ်း၊ သရက်ချောင်းရပ်ကွက်၊ ရွှေမြိုင်သီရိအပိုင်၊ အိမ်အမှတ် (၅/E) မြေနှင့်တစ်ဆက်တည်းသော အကျိုးခံစားခွင့်အားလုံးတို့ကို (၃၁-၁၀- ၂၀၂၄)ရက်စွဲပါ အပြီးသတ်အရောင်းအဝယ်ကတိစာချုပ်အရ ရောင်းချသူ ဒေါ်မြင့်မြင့်အေး [၁၀/မလမ(နိုင်)၀၂၇၁၉၃] ထံမှ တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်ထား ပြီးဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်သန္တာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၁၅၃၉၇)**
**အမှတ်- ၃၊ ၅-လမ်း၊ ရွှေမြိုင်သီရိဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။**
**ဖုန်း- ၀၉ ၄၄၉၀၀၄၃၂၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်(26-F5)၊ မြေကွက်အမှတ်(၁၁၄)၊ ဧရိယာ(၀.၀၂၈)ဧက၊ မြေကွက်တည်နေရာ-အမှတ်(၆၈)၊ သရက်တော(၄)လမ်း၊ သရက်တောတောင်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်သန်းညွှန့်(AB-006520)၊ ဒေါ်ကြိုင်(AA-006838)အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား ကြည့်မြင်တိုင်မြို့နယ် တရားရုံးတွင် ဒေါ်ကြည်သာတင့်က တရားလိုပြု၍ ဒေါ်သန်းညွှန့်၊ ဒေါ်ကြိုင် တို့ကိုတရားပြိုင်ထားကာ"ပဋိညာဉ်စာချုပ်ပါအတိုင်း မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"စွဲဆိုခဲ့ရာ ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်- ၁/၂၀၂၄ ၏ ၂၂-၃-၂၀၂၄နေ့စွဲဖြင့် အချင်းဖြစ်မြေကွက်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ချမှတ်သည့်အနိုင်ဒီကရီနှင့် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမဇာရီမှု အမှတ်- ၄/၂၀၂၄ ၏ ၂၀-၅-၂၀၂၄ ရက်နေ့ ထုံးပုံကျအပြီးသတ် အမိန့်ဖြင့် တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ် ချုပ်ဆိုရာတွင် ဆောင်ရွက်ရန် ဘီလစ်စာရေးကြီး ဒေါ်မိုးမိုးမြင့်အား ဘီလစ်ခန့်အပ်သည့်အမိန့်၊ တရားရုံးမှ အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားဂရန်၊ တရားရုံး အထောက်အထားများ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဘီလစ် ဒေါ်မိုးမိုးမြင့်[၁၂/စခန(နိုင်) ၀၁၅၃၄၄]က အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) (ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် - ၁၅,၁၆,၁၇,၁၈,၁၉/၂၀၂၄-၂၀၂၅
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ အိမ်သုံးပစ္စည်း စက်ရုံ(မင်းစု)တွင် အသုံးပြုရန်လိုအပ်သော Steel နှင့် ဆက်စပ် ကုန်ကြမ်း ပစ္စည်းများအား Lot (၅)ခုခွဲ၍ မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသည်။

၂။ တင်ဒါအစီအစဉ်

(က) တင်ဒါပုံစံရောင်းချမည့်ရက် - (၂၂ -၁၁ - ၂၀၂၄)
နံနက်(၁၀ : ၀၀)နာရီ

( ခ ) တင်ဒါပိတ်ရက်နှင့်အချိန် - (၅ - ၁၂ - ၂၀၂၄)
ညနေ(၁၆ : ၀၀)နာရီ

(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီ၊ အမှတ်(၃)အကြီးစား စက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို (၂၂ - ၁၁-၂၀၂၄) ရက်နေ့မှစ၍ ရုံးချိန်အတွင်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၉၃၊ ၀၉-၄၂၅၃၀၀၃၀၂၊ ၀၉-၇၉၆၅၅၇၃၂၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄/ဘ၀မြင့်(မလိခအိမ်ရာ)၊ မြေကွက်အမှတ်-၁၅၅/၁+၁၅၅/၂၊ မြေကွက်တည်နေရာအမှတ်(၁၅၅/၁)၊ ရွှေတောင်လမ်း၊ ဘ၀မြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမြင့်ကြည်[၁၂/ကတတ(နိုင်)၀၀၃၇၅၉] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်မြေအား အမည်ပေါက် ဦးမြင့်ကြည်(ဖခင်)နှင့် ဒေါ်ကျင်ကြည်(မိခင်)တို့အသီးသီးကွယ်လွန်ကြသဖြင့် ဦးရဲမြင့်[၁၂/တမန(နိုင်)၀၇၃၉၉၇]၊ ဦးစိုးမြင့်အောင်[၁၂/ကတတ(နိုင်)၀၀၃၇၆၀]၊ ဦးသန်းဦး[၁၂/ကတတ(နိုင်)၀၀၃၆၇၁]၊ ဦးဝင်းနီထွေး[၁၂/ကတတ(နိုင်)၀၀၃၇၆၃] တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သားများတော်စပ်ကြောင်းကျမ်းကျိန်လွှာ ၃၇၇၉/၂၀၂၄(၉-၁၀-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅၂

ဒေါ်ဝင်းပပ **(တရားလို)** } နှင့် { ဒေါ်တင်စိုးရီ **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်(တောင်)ရပ်ကွက်၊ လမ်းသစ်ဈေးလမ်း၊ အမှတ်(မရှိ) ရပ်နေ ဒေါ်တင်စိုးရီ (ယခုနေရပ်လိပ်စာမသိသူ)** သိစေရမည်။

သင့်အပေါ်၌ **ဒေါ်ဝင်းပပ က "မြေနှင့်အိမ်အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်။ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်) နေ့ မွန်းမတည့်မီ (၁၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် **လိုအပ်သည့်စာရွက်စာတမ်းများ** နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခိုင်သဇင်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်္ဂလာဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၀)၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်(၄၀၂/က)ဟုခေါ်တွင်သော ပါမစ်မြေကွက်နှင့် အဆောက်အဦသည် ရန်ကုန်မြို့တော် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးမောင်စိုး (ဘ) ဦးမောင်ရွှေ [၁၂/လကန(နိုင်)၀၆၇၀၀၈]၏ အမည်ပေါက်လျက်ရှိပါသည်။ ယခုအခါ အရပ်စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးအောင်မြိုင်(ဘ) ဦးလှဘော် [၁၂/တမန(နိုင်)၀၂၆၇၉၆]ကိုင်ဆောင်သူမှ မိမိတရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံချက်အရ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်း [၅/မရန(နိုင်)၀၀၁၄၀၂] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ အဆိုပါမြေကွက်နှင့်အဆောက်အဦ၏ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ရွှေမေသန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၃၇၅)**
**အမှတ်(၇၄)၊ မလွှကုန်းလမ်း၊ ကျောက်/ရှေ့ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၃၁၉၈၂၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ၁၃-လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၂ Z[1]၊ မြေကွက်အမှတ်- V ၅၂၊ အဆောက်အအုံအမှတ်- ၁၈ ဟုခေါ်တွင်သည့် (၈ ၃/၂ )ထပ်တိုက်အဆောက်အဦရှိ အခန်းအမှတ်- ၆၊ ဒုတိယထပ် (၃-လွှာ) (B)၊ အကျယ်အဝန်း (၁၅ ပေ x ၅၀ ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ခေတ်လှေကား အသုံးပြုခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရောင်းသူ ဦးတင်ဝင်း [၁၂/လမတ(နိုင်)၀၂၄၉၃၃] မှ (၁-၁၀-၂၀၁၂)ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အရ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ရောင်းသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သင်းသင်းမော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၂၆)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း ရပ်ကွက်၊ စော်ဘွားကြီးကုန်းပွဲရုံဝင်းနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၊ ကျောက်စိမ်း(၂)လမ်း၊ အဆောင် ( ၄၀ )၊ အခန်း(၉)နှင့် အခန်း (၁၀) ဟုခေါ်တွင်သော အကျယ်အဝန်း(၁၅ x ၄၀)ပေရှိ (၂)ထပ်ဆိုင်ခန်း (၂) ခန်းနှင့် ယင်းဆိုင်ခန်း (၂)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်ဇင်လတ် [၁၂/ပဘတ(နိုင်)၀၃၂၁၁၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ဆိုင်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူမည်သူမဆို ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဒေါ်အေးမင်းသန့် (ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉/၂၀၁၆)**
**အမှတ်-၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၁-၈၃၇၄၇၉၆၊ ၀၉-၄၅၀၀၂၇၈၃၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဦးစံဌေး၊ ဒေါ်ခင်သိန်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပြီး သားသမီး(၄)ဦးထွန်းကားခဲ့ရာ (၁)ဦးကျော်စိုး၊ (၂)ဦးကျော်မိုး(ခ)ညီညီအောင်၊ (၃)ဒေါ်ခင်သီတာဌေး(ခ)ဒေါ်နွယ်နီဌေး၊ (၄)ဒေါ်ခင်စန္ဒာဌေး(ခ) ပုံ့ပုံ့တို့ ထွန်းကားခဲ့ပါသည်။ မိဘနှစ်ပါးအသီးသီးကွယ်လွန်ခဲ့ကြပြီး ဦးကျော်စိုးသည် (၁၉-၂- ၂၀၁၄) ရက်နေ့က လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ပါသည်။ ဦးကျော်မိုး(ခ)ညီညီအောင်သည် (၂၀၀၈)ခုနှစ်မှစ၍ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပါသည်။ နိုင်ငံခြားသားခံယူကာ ဖခင်ကွယ်လွန်ချိန်က မြန်မာနိုင်ငံသို့ ခေတ္တပြန်လာသည်မှအပ (၁၀)နှစ်ကျော်ကာလကြာမြင့်သည့်တိုင်အောင် အဆက်အသွယ်မရတော့ပါ။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/ဘီ)၊ မြေကွက်အမှတ်(၂၇၉)၊ ဧရိယာ(၀.၁၆)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် စာချုပ်အမှတ်(၈၂၂/၂၀၁၅)(၆-၂-၂၀၁၅)အရ ဦးကျော်မိုး(ခ)ညီညီအောင်နှင့် ဒေါ်ခင်သီတာဌေးတို့ ပိုင်ဆိုင်လာခဲ့ပါသည်။ ဒေါ်ခင်သီတာဌေးသည် (၂၀-၇-၂၀၂၂)ရက်နေ့က အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ရာ ဒေါ်ခင်သီတာဌေး ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် ရွှေ့ပြောင်းနိုင်သော၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်ကို ဒေါ်ခင်စန္ဒာဌေး (ခ)ပုံ့ပုံ့က အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ဒေါ်ခင်စန္ဒာဌေး(ခ)ပုံ့ပုံ့က လွှဲပြောင်း ရောင်းချသွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၁၅)ရက်အတွင်း ကျွန်ုပ်အမှုသည် ကိုယ်စား ကျွန်ုပ်၏ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ခင်စန္ဒာဌေး(ခ)ပုံ့ပုံ့**
**[၁၂/ကမရ(နိုင်)၀၀၂၃၄၂]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်ဇော်(မရမ်းကုန်း)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၂၃)**
**၀၉ - ၂၅၃၂၂၅၁၅၁**

## "(၇-၁၁-၂၀၂၄)ရက်နေ့၊ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၈)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်စုဇန်မြင့်လွင်က ကိုအောင်သီဟကျော်၏ ညွှန်ကြားချက်အရဟုဆိုကာ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ယင်းကြေညာချက်ပါ ကွာရှင်းပေးပြီးဖြစ်သည်ဟူသော စကားရပ်အပါအဝင် ဖော်ပြချက်များသည် မမှန်ကန်ဘဲ ကိုအောင်သီဟကျော်နှင့် မနှင်းရူပကျော်တို့နှစ်ဦးသည် ပန်းဘဲတန်းမြို့နယ်တရားရုံးတော်၌ ထိမ်းမြားမင်္ဂလာကတိသစ္စာပြုလွှာကို မှတ်ပုံတင်အမှတ်(၃၄/၂၀၂၀) ဖြင့် ၁၉-၁၁-၂၀၂၀ရက်နေ့က လက်မှတ်ရေးထိုးပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လင်မယားဖြစ် ပေါင်းသင်းလာခဲ့ရာ ယနေ့တိုင် တရားဝင် အကြင်လင်မယားများဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်နေ ကိုအောင်သီဟကျော် မှတ်ပုံတင်အမှတ်[၁/မစန(နိုင်)၀၃၈၀၆၀]နှင့် အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာပါသည်။

**ညွှန်ကြားသူ**
**မနှင်းရူပကျော်**
**[၁၂/သခန(နိုင်)၁၃၉၃၅၃]**

**ညွှန်ကြားချက်အရ-**
**ဦးနိုင်သူ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၃၀)**
**အမှတ်(C/၆၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊**
**အောင်ချမ်းသာ(၃)ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၇၈၅၀၇၈၁၉၁၊ ၀၉-၆၉၇၄၁၁၄၂၁**

## "ဖခင်အမည်မှန်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အေးသာယာမြို့နယ်၊ နယ်မြေ (၁)၊ အကွက်ကြီး (၇)၊ အမှတ် (၄၉) နေ ဒေါ်ယုယုမော် [၁၃/တကန (နိုင်)၀၅၁၀၃၆] အ. ထ. က (၁) အလယ်တန်းပြဆရာမ၏ ဖခင်အမည်မှန်မှာ ဦးတင်မောင် (ခ) ဦးလှရွှေ (MYA- 059702) ဖြစ်ပြီး ၎င်းမှာ ဒေါ်ယုယုမော်၏ တစ်ဦးတည်းသော ဖခင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**

**ဒေါ်ခင်မြတ်နိုး (LL.B) (စဉ်- ၅၆၅၆၀)**
**ဒေါ်ချစ်စုမော် (LL.B) (စဉ် - ၅၆၅၆၁)**
**အထက်တန်းရှေ့နေများ**

**ဒေါ်သန်းသန်းစိန် (စဉ်-၇၈၀၀)**
**(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ**

**ရုံးခန်း ။ ။ အမှတ် (၈၃)၊ အခန်း (၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉ - ၅၄၀၆၄၀၆၊ ၀၉-၂၅၄၉၅၁၁၇၇၊ ၀၉-၇၉၅၄၂၀၇၉၉**

## "သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း
## မောင်ငြိမ်းခန့်ကျော်[၁၂/ရပသ(နိုင်)၀၈၂၁၆၃]နှင့် အများသိစေရန် အသိပေးကြေညာခြင်း"

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့၊ ကျောင်းကြီးရပ်လမ်း၊ အမှတ်-(၁၉၂) နေ ဦးမောင်ဥ [၁၂/မရက(နိုင်)၀၃၃၁၃၂] နှင့် ဒေါ်နီနီအောင်[၁၂/မရက(နိုင်)၀၃၂၈၆၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ မောင်ငြိမ်းခန့်ကျော်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ သားဖြစ်သူ မောင်ငြိမ်းခန့်ကျော်သည် မိခင်၊ ဖခင်နှင့် အစ်ကိုဖြစ်သူ ကိုအောင်ကျော်ဦး [၁၂/ရပသ(နိုင်)၀၄၅၉၃၆]တို့၏ ဆိုဆုံးမမှုကိုမနာခံဘဲ ကိုယ်စိတ်နှစ်ပါး ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အတွက် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝ သည် မိခင်၊ ဖခင်၊ အစ်ကိုဖြစ်သူတို့နှင့် မည်သို့မျှသက်ဆိုင်ခြင်းမရှိတော့ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၀၄၄၆)**
**အမှတ်-(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းတဲကြီး၊ မြေကွက်အမှတ်-၄၄၉၊ မြေကွက်တည်နေရာ- ရှမ်းတဲကြီးကျေးရွာ၊ ကံကြီးစုလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဒေါ်အုန်းသန်း[၁၂/ကမတ(နိုင်)၀၄၀၈၆၀]ဂရန်ပေး စီမံချက်မြေအမည်ပေါက်၊ ဧရိယာ(၈၃'/၇၆'x၂၆၅'/၂၅၉')စတုရန်းပေ၊ ရှမ်းတဲကြီးစီမံချက်မြေအား အမည်ပေါက်ကိုယ်တိုင်မှ ရန်ကုန်တိုင်း ဒဂုံအရှေ့မြေငှားဂရန်ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီးအရှေ့ပိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှု မှန်ကန်ကြောင်းနှင့် နှစ်(၆၀)မြေငှားဂရန်လျှောက်ထားမှုအား ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေးစီမံချက်ပါ ငယ်စာရင်းသတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုး ပေးပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အုန်းသန်းမှ ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အ.လ.က(ခွဲ)၊ ဥပ္ပံ(၁)၊ Grade-9 မှ မအိအိမော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်လင်း [၁၂/တကန(နိုင်)၁၇၁၆၂၈] ဖြစ်ပါကြောင်း

**ဦးနိုင်လင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရှမ်းတဲကြီး၊ မြေကွက်အမှတ်-၂၁၈၊ မြေကွက်တည်နေရာ- ရှမ်းတဲကြီးကျေးရွာ၊ အောင်မင်္ဂလာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးဟံသိန်း[၁၂/လကန(နိုင်)၀၈၇၅၆၁] ဂရန်ပေးစီမံချက် မြေအမည်ပေါက်၊ ဧရိယာ (၁၄'/၁၇'x၁၀၄'/၁၀၃')စတုရန်းပေ၊ ရှမ်းတဲကြီးစီမံချက်ဂရန်မြေအား အမည်ပေါက် ဦးဟံသိန်း ကိုယ်တိုင်မှ ရန်ကုန်တိုင်း ဒဂုံအရှေ့မြေငှားဂရန် ထုတ်ပေးရေးကော်မတီ၊ ရှမ်းတဲကြီး အရှေ့ပိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနတို့၏ မြေပိုင်ဆိုင်မှု မှန်ကန်ကြောင်းနှင့် နှစ်(၆၀)မြေငှား ဂရန် လျှောက်ထားမှုအား ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံစာ၊ ဂရန်ပေး စီမံချက်ပါယ်စာရင်း သတ်မှတ်ပုံစံ၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာခြင်းအား ကွင်းဆင်းစစ်ဆေးရာ မြေပေါ်တွင် တစ်ထပ် ကျောက်ပြားကာ သွပ်မိုး အဆောက်အဦ(၂)လုံးရှိပြီး လျှောက် ထားသူ ကိုယ်တိုင်နေထိုင်ပါသည်။ သို့ဖြစ်ပါ၍ ဦးဟံသိန်းမှ ဂရန်သစ် လျှောက် ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြော်ငြာခြင်း

အမှတ်(၆၉၈)၊ (၁/၃၆)ရပ်ကွက်၊ မိချောင်းအိုင်ရွာသစ်၊ ရွှေဗဟိုရ်ပတ်လမ်း၊ ရွှေပြည်သာမြို့နယ်နေ (အဖ) ဦးဝင်းနိုင်[၈/မကန(နိုင်)၀၀၁၉၂၃]နှင့် ဒေါ်ဌေးဌေးဝင်း [၈/ပဖန(နိုင်)၀၄၀၉၄၅]တို့၏ သား မောင်ဇင်ပိုင်ဖြိုး [၁၂/ရပသ(နိုင်)၀၈၉၂၉၈]သည် မိဘတို့၏ ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ချိုလင်း(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၁) (၁၄-၁၂-၂၀၁၇)**
**ရှေ့နေများရုံးခန်း၊ မှော်ဘီတရားရုံးဝင်း၊ မှော်ဘီမြို့နယ်။**
**Ph: 09-420041721, 09-694460360**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ -၂၀)
## လှည်းကူးခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၂

ဦးခင်ရွှေ (၎င်းမှတ်ပုံတင်အထွေထွေ ကိုယ်စားလှယ်လွှဲစာရသူ ဦးညွှန့်ဝေ) **(တရားလို)**

နှင့်

၁။ ဒေါ်စန်းနွဲ့
၂။ ဒေါ်မျိုးမျိုး
၃။ ဦးမျိုးသန့်
၄။ ဒေါ်စန်းစန်းအေး
၅။ ဦးမြသိန်း
၆။ ဦးထွန်းထွန်းဦး
၇။ ဒေါ်လွင်
**(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မိုးမခလမ်း၊ အမှတ်(၁) (ယခုနေရပ်လိပ်စာမသိ)နေ အမှတ်(၁)တရားပြိုင် ဒေါ်စန်းနွဲ့၊ အမှတ်(၂)တရားပြိုင် ဒေါ်မျိုးမျိုး၊ အမှတ်(၃)တရားပြိုင် ဦးမျိုးသန့် သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငါးဆူတောင်ကျေးရွာ၊ အမှတ်(၅)ရပ်ကွက်၊ ဇေကမ္ဘာစိုက်ပျိုးရေးခြံဝင်း (ယခုနေရပ်လိပ်စာမသိ)နေ အမှတ်(၆)တရားပြိုင် ဦးထွန်းထွန်းဦး၊ အမှတ်(၇)တရားပြိုင် ဒေါ်လွင်တို့ သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးခင်ရွှေ(၎င်းမှတ်ပုံတင်အထွေထွေကိုယ်စားလှယ် လွှဲစာရသူ ဦးညွှန့်ဝေ)က "အခမဲ့ခွင့်ပြုချက်ဖြင့် ခွင့်ပြုထားသော မြေနှင့်ယင်းမြေပေါ်ရှိသစ်ပင်များ၊ အဆောက်အအုံများအား ဖျက်သိမ်း ဖယ်ရှားနှင်ထုတ်ပေးစေ၍ လက်ရောက်ပေးအပ်စေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်၊ (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်) မွန်းမတည့်မီ(၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် တည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ဒေါ်သီတာ)**
**ဒုတိယခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၁၃၁)၊ ပဉ္စမထပ်(ဖလွှာ)6B တိုက်ခန်းကို ယခုလက်ရှိပိုင်ဆိုင်၍ အကျိုးခံစားခွင့်ရှိသူ ဒေါ်ယုလေးနိုင်[၁၂/ကမရ(နိုင်)၀၆၂၅၆၆] ထံမှ ဒေါ်သူဇာထွန်း[၁၂/မရက(နိုင်)၁၁၅၇၇၇]သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းချသောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအစုံအလင်ဖြင့် ကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သူဇာထွန်း**

**ဖုန်း-၀၉-၇၉၅၈၃၂၀၄၄၊ ၀၉-၅၁၆၁၇၀၅**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇီးကုန်းကျေးရွာ၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၂၃၈)ဟုခေါ်တွင်သော အကျယ်အဝန်းအလျားx အနံ (၂၈ပေx၅၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်ဥပစာ၊ လျှပ်စစ်မီတာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချစီမံပိုင်ခွင့်ရှိသူ ဒေါ်မြစ်နှင်း (ဘ)ဦးခင်မောင်[၁၂/ရပသ(နိုင်)၀၁၅၄၈၉]နှင့် ၎င်း၏သားသမက်ဖြစ်သူ ဦးကျော်ဇင်ဝင်း [၈/မမန(နိုင်)၁၂၁၀၄၆]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နှင်းယုမော်[၁၂/အစန (နိုင်) ၀၆၃၇၈၈]ကိုင်ဆောင်သူသည် ဆက်စပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဥပဒေနှင့်အညီ တရားဝင်လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုမော် မသိရှိဘဲမည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ် လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်းနှင့် ကျွန်ုပ်တို့၏မိတ်ဆွေ မသိရှိဘဲ ပြုလုပ်ပါက ပြုလုပ်သူအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဇော်မင်းနိုင်** | **ဒေါ်သက်ဆုရည်(ဥပဒေတွဲ့)** |
| **LL.B,DL-101 Wipo(Switzerland)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၉၁၈/၁၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃/၁၇)** |
| **ဖုန်း-၀၉-၄၂၅၁၆၈၉၃၂** | **ဖုန်း-၀၉-၄၂၁၀၂၄၈၈၆** |

**ရုံး-အမှတ်(၅၀)၊ ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၂၆၉)နေဦးမောင်မောင်လွင်(၁၂/ကတတ(နိုင်)၀၀၉၂၅၃)၏သမီးဖြစ်သူ မပင်ကီမောင်လွင်(၁၂/စခန(နိုင်)၀၈၁၈၃၂)သည်ဖခင်ဖြစ်သူအားအကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့်ယနေ့(၂၁-၁၁-၂၀၂၄)ရက်နေ့မှစ၍သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့်၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်မောင်လွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်ထွန်း:LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၁၆၃)
ဖုန်း၀၉၄၀၈၀၈၅၅၅၉၉။

## ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-က/၉၃၊ အိမ်အမှတ်-၅၃၊ လူနေရပ်ကွက်အမှတ်- သဘော်ာကျင်း (၇)လမ်းတွင် ဆောက်လုပ်ထားသော Top Star ဟု အမည်တည်ထားသော (၅)ထပ်တိုက် အဆောက်အအုံနှင့်ပတ်သက်၍ ဦးထွန်းလှစိုး [၁၂/ပဇတ(နိုင်)၀၂၇၈၂၆]မှ မြေရှင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အမှတ်-က/၉၃၊ အကျယ်အဝန်း(၂၅' x ၅၀')ရှိ နှစ်(၆၀)ဂရန် မြေကွက်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဒေါ်သောင်းမြင့်[၁၂/ဒပန(နိုင်)၀၂၃၂၀၀]မှ အမည်ပေါက်လျက်ရှိပါသည်။ အဆိုပါမြေငှားဂရန် အမည်ပေါက် ဒေါ်သောင်းမြင့်ထံမှ မဂျူလီယာ(ခ) ကြူကြူလှိုင်[၁၂/သလန(ပြု)၀၀၄၂၀၇]မှ (၂၈-၆-၂၀၁၂)ရက်စွဲပါ "အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် မြေကွက်နှင့်နေအိမ်အားဝယ်ယူပိုင်ဆိုင်ခဲ့ပြီးနောက် မြေငှားဂရန် အမည်ပေါက်ဖြစ်သူ ဒေါ်သောင်းမြင့်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၄-၇-၂၀၁၂)ရက်နေ့၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၁၈၉၇/၂၀၁၂ ဖြင့် ရယူခဲ့ပါသည်။ ထို့နောက် ကန်ထရိုက်တာဖြစ်သူ ဦးကျော်လှ[၁၂/ဗတထ(နိုင်)၀၃၀၉၆၉]မှ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်သောင်းမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာကို ရယူကာ ယင်းမြေကွက်ပေါ်တွင် (၅)ထပ်တိုက် အဆောက်အအုံအသစ်အား ဆောက်လုပ်ပြီးစီး၍ ကန်ထရိုက်တာမှ မြေပိုင်ရှင် အကျိုးခံစားခွင့်ရှိသည့် အခန်း(၅)ခန်းအပါဝင် (ဂရန်မူရင်းနှင့် BCC)စာရွက်များကို (၂၇-၅-၂၀၁၅)ရက်စွဲပါ"အခန်းလက်ဝယ်နှင့် ဂရန်မူရင်း. စာရွက်စာတမ်းများပေးအပ်ခြင်း ကတိစာချုပ်"ဖြင့် ချုပ်ဆို၍ မဂျူလီယာ(ခ) ကြူကြူလှိုင်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

အဆိုပါမြေငှားဂရန် အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအား ရရှိထားသူ မဂျူလီယာ(ခ)ကြူကြူလှိုင်ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဖြစ်သူ ဦးထွန်းလှစိုး [၁၂/ပဇတ(နိုင်)၀၂၇၈၂၆]မှ (၆-၇-၂၀၂၄) ရက်စွဲပါ"မြေနှင့်အဆောက်အဦ အရောင်းအဝယ်စာချုပ်"ချုပ်ဆို၍ ဒေါ်သောင်းမြင့် အမည်ပေါက် မြေကွက် အပါအဝင် အမှတ်-၅၃/က ဟုခေါ်တွင်သော Top Star ဟု အမည်တည်ထားသော မြေညီထပ်အခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ကာ ဒေါ်သောင်းမြင့်အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်း၊ အရောင်းအဝယ်ပြုလုပ်ထားသည့် စာချုပ်အဆက်ဆက်မူရင်းများ၊ လူနေထိုင်ခွင့်(BCC) စာရွက်မူရင်းတို့အား လက်ရောက်လွှဲပြောင်းရရှိကာ အကျိုးခံစားခွင့်ရှိနေသူဖြစ်ခြင်းကြောင့် ယင်း(၅)ထပ်တိုက် အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းလှစိုး တစ်ဦးတည်းမှသာ မြေရှင်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးထွန်းလှစိုး** | **ဦးအောင်မျိုးခင်(LL.B)** |
| **[၁၂/ပဇတ(နိုင်)၀၂၇၈၂၆]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၂၄၁၉၄၉၃** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ၂၀၂၅ ပညာသင်နှစ်
## ဆေးပညာဒီပလိုမာဘွဲ့လွန်သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

**ဆေးပညာဒီပလိုမာသင်တန်း**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | အခြေခံအရေးပေါ်ကုသမှုဒီပလိုမာ (Online) သင်တန်း<br>Diploma in Basic Emergency Care | ၁ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူ ဘွဲ့ရရှိထားသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၅၈)နှစ်ထက် မကျော်လွန်သူ မြို့နယ်ကုသရေးဦးစီးဌာနမှူး များသာ လျှောက်ထားနိုင်ပါသည်။
(ဃ) ဒီပလိုမာဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၂)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(င) သတ်မှတ်ထားသောသင်တန်းကာလအတွင်း Online ပို့ချခြင်းနှင့် လူကိုယ်တိုင်လာရောက်သင်ယူခြင်း (အနည်းဆုံး ၆ ပတ်)ဖြင့် သင်ကြားမည်ဖြစ်ရာ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၉-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်ပါမောက္ခချုပ်ထံ လိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း) တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

[**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]

၇။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၈။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်း ထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၉။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ်(၀၁-၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅/ဥတ္တရသီရိရပ်၊ မြေကွက်အမှတ်(ဥ -၂၂၃၁)၊ မြေဧရိယာ(၀.၅၁၆)ဧက အငှားစာချုပ်မြေကွက်သည် ဗိုလ်မှူးချုပ်ဝင်းဆွေ အမည်ပေါက် မြေကွက်ဖြစ်ပြီး အမည်ပေါက် ဗိုလ်မှူးချုပ်ဝင်းဆွေ ကွယ်လွန်သဖြင့် အမွေဆက်ခံခွင့် ရှိသောတရားဝင်ဇနီးဖြစ်သူဒေါ်သန်းသန်းဌေး၊ အဖအမည် ဦးပုကြီး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မထလ(နိုင်)၀၄၁၀၅၄] မှ ၎င်းအမည်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်
## ၂၀၂၅ ပညာသင်နှစ်
## ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်ထပ်မံဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည် -

(က) **ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ(ခန္ဓာဗေဒ)<br>M.Med.Sc(Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)<br>M.Med.Sc(Pharmacology) | ၂ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ<br>(ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ)<br>M.Med.Sc(Clinical Biochemistry) | ၃ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)<br>M.Med.Sc(Medical Jurisprudence) | ၃ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ<br>(ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)<br>M.Med.Sc(Radiation Oncology) | ၃ နှစ် |
| (၆) | ဆေးပညာမဟာသိပ္ပံ(အဏုမြူရောင်ခြည်ဆေးပညာ)<br>M.Med.Sc(Nuclear Medicine) | ၃ နှစ် |
| (၇) | ဆေးပညာမဟာသိပ္ပံ (ကလေးခွဲစိတ်ကုပညာ)<br>M.Med.Sc(Paediatric Surgery) | ၃ နှစ် |
| (၈) | ဆေးပညာမဟာသိပ္ပံ (ရင်ခေါင်းခွဲစိတ်ကုပညာ)<br>M.Med.Sc(Thoracic Surgery) | ၃ နှစ် |
| (၉) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ)<br>M.Med.Sc(Cardiovascular Surgery) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အမ်ဘီဘီအက်စ်ဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ရှိသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
(မှတ်ချက်- **ခန္ဓာဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာဇီဝဓာတုဗေဒ၊ ဥပဒေရေးရာဆေးပညာ၊ ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာနှင့် အဏုမြူရောင်ခြည်ဆေးပညာ** မဟာသိပ္ပံသင်တန်းများအတွက် လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်)။
(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ **(၂-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၄။ အင်္ဂလိပ်စာဘာသာရပ်ကို ထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တစ်နှစ်လျှင် နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှုအရည်အချင်းစစ် စာမေးပွဲ (၂)နာရီမေးခွန်းကို ဖြေဆိုရမည်ဖြစ်ပြီး၊ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ်စာမေးပွဲအောင်မြင်ကြောင်း တင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကို ထုတ်ပေးမည်ဖြစ်သည်။

၅။ လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး (ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်း မပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ **(၁၆-၁၂-၂၀၂၄)ရက် (တနင်္လာနေ့)**ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး- ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၏ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၅)၊ ရန်ကုန်တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၀၃၅ သို့ ပေးသွင်းရမည်။

[**မှတ်ချက်**။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)၊ ရန်ကုန်မြို့တွင် ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ငွေစာရင်းအမှတ် MD- ၀၁၀၀၃၅ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။]

၉။ သင်တန်းကို တက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန်ပျက်ကွက်လျှင် နောင်ပညာသင်နှစ်(၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၁၀။ သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေကို ပေးလျော်ရမည်။

၁၁။ အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ဘွဲ့လွန်/စာမေးပွဲဌာနစု၊ ဖုန်းနံပါတ် (၀၁- ၈၃၇၀၉၃၈၊ ၀၁-၈၃၈၂၄၈၅၊ ၀၁-၈၂၅၁၁၃၁) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ ဆေးတက္ကသိုလ်(၁)၏ Website: https//www.um1yangon.edu.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန
## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)တို့တွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၆)နေရာနှင့် အငယ်တန်းစာရေး(လစာနှုန်းကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၆)နေရာ၊ စုစုပေါင်း(၂၂)နေရာတို့အတွက် အောက်ပါပညာအရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| ခန့်ထားမည့် ရာထူး | ခန့်ထားမည့် ရာထူးနေရာ | ပညာအရည်အချင်း |
|---|---|---|
| ဒုတိယဦးစီးမှူး | ၁၆ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ (သို့မဟုတ်) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူ |
| အငယ်တန်းစာရေး | ၆ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) လျှောက်ထားသူသည် လျှောက်လွှာတင်သည့်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၀)နှစ် (အစိုးရဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) ရွေးချယ်ခြင်းခံရသူများသည် အနည်းဆုံးလုပ်သက်တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(င) ရွေးချယ်ခန့်ထားခြင်းခံရပါက ရုံးချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ်ညွှန်ကြားရေးမှူးရုံးများတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ကွန်ပျူတာ စာစီ/စာရိုက် ကျွမ်းကျင်သူဖြစ်ရမည်။
(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)၊ ရာထူးခန့်ထားခြင်းအမိန့်စာမှ ပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များ ပြည့်စုံစွာ ဖော်ပြပါရှိရမည်-
(က) အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်နှင့် အသက်
(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ
(ဃ) ပညာအရည်အချင်း
(င) မိဘအမည်၊ အလုပ်အကိုင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(စ) အိမ်ထောင် ရှိ/မရှိ (အိမ်ထောင်စုဇယားတင်ပြရမည်)
(ဆ) နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
(လျှောက်လွှာပုံစံများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ Website: https:// portal.moea.gov.mm ၊ Facebook Page: Ethnic Affairs , Ministry, Myanmar နှင့် Facebook Page: Department of Ethnic Literature and Culture တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။)

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာ (ပူးတွဲ) ပါရှိရမည်-
(က) ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအရည်အချင်းအထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်၊ ကွန်ပျူတာဆိုင်ရာအောင်လက်မှတ်မိတ္တူ)
(ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(တစ်လအတွင်း)
(ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူမှန်
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း
(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀ ပေးသွင်းထားသည့် ချလန်မူရင်း
(ဇ) ခြောက်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်ရေးသားရန်)

၅။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ကို မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ် (MD-013545) သို့ ပေးသွင်းရမည်ဖြစ်ပြီး မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးခွဲ)များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ အဆိုပါငွေစာရင်းအမှတ်သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

၆။ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်သို့ (၂၄ - ၁၂ - ၂၀၂၄)ရက်နေ့အထိ ရုံးချိန်အတွင်း နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။

၇။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့ စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့် နေ့ရက်နှင့် နေရာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ကြော်ငြာသင်ပုန်း၊ Website:https://portal.moea.gov.mm ၊ Facebook Page: Ethnic Affairs,Ministry,Myanmar နှင့် Facebook Page: Department of Ethnic Literature and Culture တို့တွင် ကြေညာပေးထားမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲ ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ်(၃)ခုကို ဖြေဆိုရမည်-
(က) အင်္ဂလိပ်စာ
(ခ) အထွေထွေဗဟုသုတ
(ဂ) Computer လက်တွေ့စစ်ဆေးခြင်း

၁၀။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် ဖုန်း(၀၆၇-၃၄၀၉၃၁၆) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်(၂)ရန်ကုန်
## ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်
## ထပ်မံလျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅-ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်(၂)ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန် သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

**ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | | သင်တန်းကာလ |
|---|---|---|---|
| (၁) | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) | M.Med.Sc (Anatomy) | ၂ နှစ် |
| (၂) | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ) | M.Med.Sc (Clinical Biochemistry) | ၃ နှစ် |
| (၃) | ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ) | M.Med.Sc ( Pharmacology) | ၂ နှစ် |
| (၄) | ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ) | M.Med.Sc (Medical Jurisprudence) | ၃ နှစ် |
| (၅) | ဆေးပညာမဟာသိပ္ပံ (နှလုံးနှင့်သွေးကြောခွဲစိတ်ပညာ) | M.Med.Sc (Cardiovascular Surgery) | ၄ နှစ် |

**လိုအပ်သောအရည်အချင်း**

၂။ (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) M.B.,B.Sဘွဲ့ (သို့မဟုတ်) မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသောအလားတူဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်ငန်းစတင်ဝင်ရောက်သည့်နေ့မှစ၍ ခွင့်ရက်မပါ အနည်းဆုံး လုပ်သက်(၁)နှစ်ပြည့်ပြီးသူ နိုင်ငံ့ဝန်ထမ်းဖြစ်ရမည်။
မှတ်ချက်။ ။ ခန္ဓာဗေဒ၊ ဆေးဝါးဗေဒ၊ ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒနှင့် ဥပဒေရေးရာ ဆေးပညာဘာသာရပ်များအတွက် လုပ်သက် သတ်မှတ်ချက်မရှိပါ။
(ဃ) လျှောက်လွှာပိတ်သည့်ရက်တွင် မဟာသိပ္ပံသင်တန်းများအတွက် အသက်(၄၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(င) ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိပြီးနောက် အနည်းဆုံး(၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသော သင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ ( ၂ - ၁၂ -၂၀၂၄)ရက် (တနင်္လာနေ့) ဖြစ်ပါသည်။

၄။ ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့်တွင်အင်္ဂလိပ်စာဘာသာရပ်ကိုထည့်သွင်းစစ်ဆေးခြင်းမပြုသော်လည်း သင်တန်းတက်ရောက်နေစဉ် ကာလအတွင်း တစ်နှစ်လျှင်နှစ်ကြိမ်စစ်ဆေးမည့် အင်္ဂလိပ်စာဘာသာရပ်ကျွမ်းကျင်မှု အရည်အချင်းစစ်စာမေးပွဲ(၂)နာရီမေးခွန်းကို ဖြေဆိုရမည်။ အင်္ဂလိပ်စာဘာသာရပ် အရည်အချင်းစစ် စာမေးပွဲအောင်မြင်ကြောင်းတင်ပြနိုင်မှသာ ဘွဲ့ရအောင်စာရင်းကိုထုတ်ပေးမည်။

၅။ လျှောက်လွှာကိုသက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး(ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး) မှတစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်းလျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကိုလုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၆။ ကြိုတင်မိတ္တူတစ်စောင်ကိုငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်(၂)ရန်ကုန် ပါမောက္ခချုပ်ထံသို့လိပ်မူ၍ မပျက်မကွက်ပေးပို့ရမည်။

၇။ ဝင်ခွင့်ရေးဖြေစာမေးပွဲများစစ်ဆေးမည့်ရက်မှာ (၁၆-၁၂-၂၀၂၄)ရက် (တနင်္လာနေ့) ဖြစ်ပါသည်။

၈။ ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် ဘွဲ့လွန်ဆေးပညာသင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်၁၀၀၀/- (ကျပ်တစ်ထောင်)တိတိကို ဆေးတက္ကသိုလ်(၂)ရန်ကုန် မြန်မာ့စီးပွားရေးဘဏ် မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် MD-၀၁၀၂၃၃သို့ပေးသွင်းရမည်၊
(မှတ်ချက်။ ။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ဘဏ်ခွဲများမှတစ်ဆင့်မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဥက္ကလာပဘဏ်ခွဲ၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ ငွေစာရင်းအမှတ် MD - ၀၁၀၂၃၃ သို့ လိပ်မူ၍ငွေလွှဲစနစ်ဖြင့်လည်းပေးသွင်းနိုင်ပါသည်)

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှသင်တန်းကိုမတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ/မပြုသည်ဖြစ်စေ) သင်တန်းကိုပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ သင်တန်းအောင်မြင်ပြီးနောက်သတ်မှတ်ထားသည့်ကာလအတိုင်းနိုင်ငံ့တာဝန်ကိုမထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။
သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပဘွဲ့လွန်သင်တန်းများသို့ လျှောက်ထားခွင့်မရှိပါ။

၁၀။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်(၂)ရန်ကုန် ဖုန်းနံပါတ်- (၉၆၉၉၅၈၉/ ၉၆၉၉၈၅၂/ ၉၆၉၀၁၂၇/၉၆၉၀၁၂၈/ လိုင်းခွဲ-၂၀၃/၂၁၉)သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်) ဆေးတက္ကသိုလ်(၂)ရန်ကုန်၏ Website: https://www.um2ygn.edu.mmတွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်(၂)ရန်ကုန်**


## "ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမိုးကျော်[၁၃/ကမန(နိုင်)၀၆၉၉၁၆]+ဒေါ်ခင်မျိုးကြည်[၁၃/နဆန(နိုင်)၀၂၃၆၁၂]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃၁)ရပ်ကွက်၊ မြေကွက်အမှတ်(၄၂)၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဦးလှဘုန်း[၁၂/ပဇတ(နိုင်)၀၀၁၄၆၆] ဂရန်အမည်ပေါက်ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမိုးကျော် + ဒေါ်ခင်မျိုးကြည်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၉၄၁၄၅၆၂၆၂၊ ၀၉-၂၆၂၆၆၂၃၉၉၊ ၀၉-၇၉၅၆၆၉၃၂၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ စကားဝါလမ်း၊ တိုက်အမှတ် (၂၇၆/စ)၊ အခန်းအမှတ် (7D)၊ စကားဝါမြိုင်ကွန်ဒို၊ အကျယ်အဝန်း (1350 Sqft)ခန့်ရှိ (၇)လွှာ ကွန်ဒိုတိုက်ခန်း ရေမီးအစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးခိုင်(၁၃/တကန(နိုင်)၁၄၀၇၆၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခင်အေးမြင့် (စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ် (၁၇၈)၊ မြေညီ၊ ၃၄ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၆၀၄၅

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပျော်ဘွယ်လေး ကျေးရွာနေ ဒေါ်ခင်မာဝင်း [၁၂/တတန(နိုင်)၁၃၇၈၉၂]၏ သမီးဖြစ်သူ မနှင်းရွှေရည်သည် မိခင်၏ ဆိုဆုံးမမှုအားနာခံခြင်းမရှိဘဲ မိခင်အား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျအောင် အမြဲ ပြောဆိုခြင်း၊ မိခင်ပိုင်ဆိုင်သည့် လက်ဝတ်ရတနာများအား အလွဲသုံးစားပြုခြင်းများကို ၎င်း၏ဆန္ဒအတိုင်း ပြုမူနေသည့်အတွက် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်မာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေလွင်LL.B, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၃၆/၁၅-၆-၂၀၁၇)**
**အမှတ်-၂၁၁၊ ပိတ်စွယ်ကျေးရွာ၊ တွံတေးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-250033096**

## "အိမ်ခြံမြေဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ကေသီထွန်းကျော်[၁၁/စတန(နိုင်)၁၀၂၂၈၁]သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ လယ်သမား(၅)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ မြေကွက်အမှတ်-(၃၄၂/က)ဟုခေါ်တွင်သော အကျယ်(၂၀x၆၀)ပေရှိ မြေကွက်(၁)ကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော" ဒေါ်နန္ဒာလှိုင် [၇/ဝမန(နိုင်)၁၁၂၀၀၄]"ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္ဇာသိန်း (LL.B)(စဉ် - ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B)(စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ချင်းကုန်းကျေးရွာ တွင်တည်ရှိသော အကျယ်အဝန်း (၃၀ x ၁၃၈) ပေရှိ ရွာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နိုင်နိုင်စန်း[၁၂/တကန(နိုင်)၁၉၃၄၅၁]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၄၀)**
**အမှတ်(၁၇၃၇)၊ မဏိစည်သူလမ်း၊ (၆၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ ဖုန်း-၀၉-၂၅၀၄၉၉၇၅၉**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၂၂)၊ ပဥ္စမထပ်၊ ၆-လွှာ-A၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၊ ခေါင်းရင်းခန်းဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း အလျား (၁၃)ပေ x အနံ (၆၀)ပေရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်စိုးယုကျော် [၁၁/တကန(နိုင်)၀၇၀၅၂၀] မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်မြင့်မြတ် [၉/ခအဇ(နိုင်)၀၂၃၈၇၀]မှ အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၂)**
**တိုက် (၃)၊ အခန်း(၀၀၃)၊ မြေညီ၊ နှင်းဆီလမ်း၊ သာယာကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၇၄၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀ )
## တောင်ဥက္ကလာပမြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၁

ဦးလင်းထင် နှင့် ဒေါ်သင်းသင်းလွင်
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄) ရပ်ကွက်၊ ကေတုမာလာ(၃)လမ်း၊ အမှတ်(၉၈)ရပ်နေ {ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဒေါ်သင်းသင်းလွင် သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်အတိုင်း နှစ်ဦးသဘောတူ မြေနှင့် အကျိုးခံစားခွင့် အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၆) ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၁ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသွယ်နိုင် )**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တောင်ဥက္ကလာပမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ - ၂၂)
## အင်းစိန်ခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၁၈ နှင့် ဆက်နွှယ်သည့်
## ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၅

တောင်ပေါ်သားရီရှင်း(စိုက်ပျိုးရေး) ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စား အထွေထွေမန်နေဂျာ ဦးအောင်နိုင်ထွန်း) နှင့် ဦးထွန်းကျော်ဦး
**(ဒီကရီအနိုင်ရသူ)** **(တရားရှုံး)**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ထူးကြီးမြို့၊ အမှတ်(၃) ရပ်ကွက်၊ ဝါဆိုလမ်းနေ တရားရှုံး ဦးထွန်းကျော်ဦး(တောင်သူကြီးစိုက်ပျိုးရေးဆေးဆိုင်) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၂ ခုနှစ်၊တရားမကြီးမှုအမှတ်-၅၁၈ တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် တောင်ပေါ်သားရီရှင်း(စိုက်ပျိုးရေး) ကုမ္ပဏီလီမိတက် (၎င်း၏ကိုယ်စားအထွေထွေမန်နေဂျာ ဦးအောင်နိုင်ထွန်း) က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ (သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့၌ ဤရုံးတော်တံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောထွန်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**အင်းစိန်ခရိုင်တရားရုံး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ (GRF) ဖြင့် အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်များပုံနှိပ်တိုက်တွင် အသုံးပြုမည့် စက်ပစ္စည်းအတွက် ဝယ်ယူရေးလုပ်ငန်းများကို အိတ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၁-၁၁-၂၀၂၄ ရက်နေ့မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၄-၁၂-၂၀၂၄ ရက်နေ့ (၁၆:၃၀) နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် လိပ်စာနှင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် လိပ်စာမှာ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ အဆင့်မြင့်ပညာဦးစီးဌာန ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့်သက်ဆိုင်သည့် အသေးစိတ်သိရှိလိုသော အချက်များကို သိရှိလိုပါက ဖုန်းနံပါတ်-၀၆၇-၃၄၀၇၇၂၆၊ ၀၆၇-၃၄၀၇၇၂၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပညာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ည)၊ ဘုမ္မာ(၉)လမ်း၊ မြေကွက်အမှတ်-၄၂၅ ဒေါ်ရီရီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေ အကျယ်အဝန်း (၄၀x၆၀) ပေ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ဘုမ္မာလမ်းမနှင့်ကပ်လျက်ခြမ်း မြေအကျယ် (၂၀x၆၀) ပေမြေပေါ်တွင် ဆောက်လုပ်ထားသော ၅-ထပ်တိုက်၏ ဒုတိယထပ်(၃-လွှာ)၊ အကျယ် (၁၈'x၅၅')တိုက်ခန်းနှင့် မီးမီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်စာချုပ်များအရ ဒေါ်ခင်မာဝေ [၁၂/ကမရ(နိုင်)၀၀၄၁၆၇]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေမှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနောင်နောင်အောင်[၁၄/မမန(နိုင်)၂၁၆၃၀၉]+**
**ဒေါ်နီလာအောင်[၁၄/ဘကလ(နိုင်)၃၁၅၄၀၄] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိဖြူ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၈၁)**
**ဖုန်း-၀၉-၄၂၁၁၃၇၄၆၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၃)၊ ဗိုလ်ဖိုးဝင်းလမ်း၊ မြေကွက်အမှတ်-၂၈၃ ဒေါ်မယ်ဒရန် အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေ အကျယ်အဝန်း (၄၁x၆၀)ပေ မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ်(၂၈၂)နှင့် ကပ်လျက်ရှိသော မြေအကျယ် (၂၁x၆၀)ပေမြေနှင့် နေအိမ်၊ ရေမီတာ၊ မီးမီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးအား ဆက်စပ်စာချုပ်များအရ ဦးသိန်းလွင်[၁၂/သကတ(နိုင်)၀၂၆၂၉၀] မှ ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်မိတ်ဆွေထံ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်သဘောတူညီပြီး အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မျိုးသူဇာအောင် [၁၂/ကမရ(နိုင်)၀၅၄၆၃၄] ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၈၁)**
**ဖုန်း-၀၉-၄၂၁၁၃၇၄၆၄**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးစောအောင်မြတ်သူ [၁၂/ကတတ(နိုင်)၀၂၆၂၀၀]သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ စက်ရုံလမ်း၊ အခန်း(5/A)ညာ၊ တိုက်အမှတ်(၇)၊ မြေကွက်ပေါ်ရှိ ပဥ္စမထပ်၊ ဧရိယာ (၁၂x၅၀)ပေရှိ ရေမီးမီတာပါ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်ပိုင်ဆိုင်သူဖြစ်သော ဒေါ်အိဝေပိုင် [၁၂/ကတတ(ဧည့်)၀၀၁၀၅၀] ထံမှ တရားဝင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစောမြတ်အောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နိုင်နိုင်ဝင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၈၅)**
**တိုက်(၃)၊ အခန်း(၁၀၆)၊ အရှေ့အောင်မြေသာစည်၊ ကမာရွတ်မြို့နယ်။**
**ဖုန်း-၀၉-၉၄၁၄၅၆၂၆၃၊ ၀၉-၂၆၂၆၆၂၃၉၉၊ ၀၉-၇၉၅၆၆၉၃၂၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ တိုးချဲ့(၃)ရပ်ကွက်၊ အပိုင်(၂)၊ အောင်ရတနာလမ်းနှင့် နတ်စင်လမ်းထောင့်၊ အမှတ်(၃၄၄)၊ အကျယ်အဝန်း (၄၈ ပေ x ၆၀ ပေ) ရှိ မြေနှင့်အိမ်" ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားသူ ဦးနေလင်းအောင် [၁၂/မဂဒ(နိုင်)၁၂၄၈၈၁] က ပိုင်ဆိုင်မှု အရှုပ်အရှင်း လုံးဝကင်းရှင်းပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်မေသူခိုင် [၁/မကတ(နိုင်)၀၆၇၃၉၆] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်ဖြင့် -**
**ဒေါ်မရန်ဂျာဆိုင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၅၅)**
**အမှတ်-၅၆၊ ပထမထပ်၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၇၅၁၃၄**

## ရွှေတိဂုံစေတီတော်
## ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
## ၂၀၂၅ ခုနှစ် လုပ်ငန်းများဆောင်ရွက်ရန် ဈေးပြိုင်ကြော်ငြာ

ရွှေတိဂုံစေတီတော် ဝတ္ထုကံမြေအတွင်း ဘုရားဖူးများအဆင်ပြေစေရန် ဂေါပကအဖွဲ့က စီမံဆောင်ရွက်ထားသော အောက်ဖော်ပြပါလုပ်ငန်းများသည် (၃၁-၁၂-၂၀၂၄)နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါ၍ ၂၀၂၅ ခုနှစ်အတွက် လုပ်ငန်းများချထားပေးရန်ရှိပါသည်။ ယင်းလုပ်ငန်းများကို ဈေးပြိုင်စနစ်ဖြင့် ချထားပေးမည်ဖြစ်၍ လုပ်ငန်းဆောင်ရွက်လိုသူများသည် ဈေးနှုန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၂၀,၀၀၀/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ရုံးချိန်အတွင်း ဝယ်ယူပြီး (၁၇-၁၂-၂၀၂၄)ရက်နေ့တွင် သတ်မှတ်ချိန်အတိုင်း ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

မှတ်ချက်။ (၂-၁၂-၂၀၂၄ ရက်နေ့ မှ ၁၃-၁၂-၂၀၂၄)နေ့ မွန်းတည့် (၁၂:၀၀)နာရီ (နောက်ဆုံး) ထား၍ ဈေးနှုန်းအဆိုပြုလွှာစည်းကမ်းချက်များ ရောင်းချပေးမည်။ အာမခံငွေများကို မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၄)တွင် ပေးသွင်းခြင်းအပါအဝင် အသေးစိတ်အချက်အလက်များကို အဆိုပြုလွှာတင်သွင်းသူများ လိုက်နာရန်စည်းကမ်းတွင် ထည့်သွင်းဖော်ပြပေးမည်။

**ဈေးနှုန်းအဆိုပြုလွှာတင်သွင်းရန် လုပ်ငန်းများ**

(၁) ဓာတ်ပုံလုပ်ငန်း
(၂) ရွှေဆိုင်းရောင်းချခြင်းလုပ်ငန်း
(၃) စားသောက်ဆိုင်လုပ်ငန်းများ
(၄) လက်ဆောင်ပစ္စည်းရောင်းချခြင်းလုပ်ငန်း
(၅) ပန်းဆိုင်ရောင်းချခြင်းလုပ်ငန်းများ
(၆) နိဗ္ဗာန်ကုန်ရောင်းချခြင်းလုပ်ငန်းများ
(၇) အုန်းပွဲ/ငှက်ပျောပွဲရောင်းချခြင်းလုပ်ငန်း
(၈) အုန်းသီး/ထန်းသီး ခူးဆွတ်ရောင်းချခြင်း လုပ်ငန်း
(၉) ကားကွင်းများ၌ထီကားရပ်နားရောင်းချခြင်း လုပ်ငန်းများ
(၁၀) ကုန်မျိုးစုံဆိုင်ရောင်းချခြင်းလုပ်ငန်း
(၁၁) ဂုဏ်ပြုလွှာမှန်ဘောင်သွင်းခြင်းလုပ်ငန်း
(၁၂) Money Exchange Counter နှင့် ATM စက်ဖွင့်လှစ်ခြင်းလုပ်ငန်း
(၁၃) သရက်သီး၊ ပိန္နဲသီး ခူးဆွတ်ခြင်းလုပ်ငန်း
(၁၄) ATM စက်တပ်ဆင်ခြင်းလုပ်ငန်း

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်မြေသာစည်အိမ်ရာ (၄)၊ တိုက်အမှတ်(၈)၊ အခန်းအမှတ်(၅၀၃) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွေးဇာနိုင် [၆/မအရ(နိုင်)၀၀၁၆၆၈]ထံမှ ဒေါ်ယုသဥ္ဇာထွေး [၉/မဟမ(နိုင်)၀၀၈၉၈၀] က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ယုသဥ္ဇာထွေး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၅၈၈/က+ခ)၊ မြေအကျယ်အဝန်း (၄၀ပေ×၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၈)ထပ်တိုက်အဆောက်အဦမှအခန်းအမှတ်(6-B)၊(၇-လွှာ)၊ မြေရင်းခြမ်း၊ အကျယ်အဝန်း (၁၇ပေ×၅၄ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကန်ထရိုက်တာဦးရန်နိုင်(၁၂/စခန(နိုင်)၀၀၆၃၈၆)ထံမှ ယခုရောင်းချသူ ဦးမိုးပြည့်စုံ(၁၂/လမန(နိုင်)၁၃၇၁၃၆)သည် "(၈-၉-၂၀၂၁)ရက်စွဲပါ နှစ်ဦးသဘောတူအဆင့်မြင့် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်" ဖြင့်ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့်လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်တို့၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်၊ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက် အတွင်း ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်၊

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** — တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)
**ဒေါ်ကေကေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)
**ဦးတိုးဝေနိုင် (LL.B)** — အထက်တန်းရှေ့နေ (စဉ်-၅၅၉၁၃)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ရွက်လှလမ်း၊ အမှတ်(၅၁၂)ဟု ခေါ်တွင်သော(၂)ခန်းတွဲအဆောက်အဦ၏ တတိယထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်း (အလျား ၁၁ ပေ x အနံ ၄၅ ပေ) ရှိသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သန္တာဦး [၁၂/မရက(နိုင်) ၁၁၄၇၈၂] ထံသို့ ဒေါ်ဇင်မာသောင်း [၁၂/အစန(နိုင်)၁၉၆၂၀၃] က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်အတူ ကျွန်ုပ်တို့ထံသို့ သတင်းစာတွင်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ - | လွှဲအပ်ညွှန်ကြားချက်အရ - | | |
|---|---|---|---|
| ဒေါ်ဇင်မာသောင်း | ဦးအောင်မိုး (ကော့မှူး) | ဒေါ်သိမ့်သိမ့်ထွန်း | ဒေါ်ထက်ထက်အေးငြိမ်း |
| [၁၂/အစန(နိုင်)၁၉၆၂၀၃] | (စဉ်-၈၂၃၇) | (စဉ်-၁၂၆၇၆) | (စဉ်-၁၈၉၄၂) |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-အမှတ် (၇၅)၊ မြေညီထပ်၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၄၅၅၅၁၆၂၊ ၀၉-၇၇၇၄၁၄၀၁၃၊ ၀၉-၄၅၉၀၀၀၇၁၁၊ ၀၉-၇၉၉၅၇၅၂၉၁**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခု အနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# ဘုရားဖူးရင်း တိမ်ပင်လယ်ကြည့်နိုင်မည့် တောင်ဝိုင်းတောင်တက် လမ်းလျှောက်ရာသီ ဒီဇင်ဘာ ၁ ရက်တွင် စတင်မည်

ရန်ကုန် နိုဝင်ဘာ ၂၁

ဘုရားဖူးရင်း တိမ်ပင်လယ်ကြည့်နိုင်မည့် မွန်ပြည်နယ် မော်လမြိုင်မြို့ တောင်ဝိုင်းတောင်တက်လမ်းလျှောက်ရာသီကို ဒီဇင်ဘာ ၁ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် စတင်မည်ဖြစ်ကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းမှ သိရသည်။

ဒီဇင်ဘာလ၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ သုံးလကို တောင်တက်လမ်းလျှောက်ရာသီအဖြစ် သတ်မှတ်ထားပြီး တောင်တက်လမ်းလျှောက်သူများအတွက် ဒီဇင်ဘာ ၁ ရက်နံနက်ပိုင်းမှစ၍ ပြည်သူလူထုကျန်းမာရေး တောင်တက်လမ်းလျှောက်နှင့် ဘုရားဖူးရာသီ စတင်မည်ဖြစ်ကြောင်း သိရသည်။

တောင်တက်လမ်းလျှောက် ရာသီကာလအတွင်း စနေ၊ တနင်္ဂနွေနေ့တို့တွင် တောင်တက်လမ်းလျှောက်သူများ အန္တရာယ်ကင်းစေရန် နံနက် ၅ နာရီမှ ၉ နာရီအထိ တာဝန်ရှိသူများနှင့် တောင်ပေါ်ဘုန်းကြီးကျောင်းကားများမှအပ ကား၊ ဆိုင်ကယ်များ၊ စက်ဘီးများ မတက်ရဟု သတ်မှတ်ထားသည်။

စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❒



ယမန်နှစ် လမ်းလျှောက်ရာသီတွင် တောင်ဝိုင်းတောင်သို့ လာရောက်ကြသူများကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**

Zero- sum thinking ကိုလွန်၍ **အားလုံးအတွက် မျှတသည့်အနိုင်ယူခြင်း ဟူသည်...**

ဆောင်းပါး စာမျက်နှာ » ၁၃

---

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၂၇ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ကီလို ၁၅၀ ကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ငါးသန်းကျော်၊ အိုက်စ်(မက်သ်အဖက်တမင်း) ၄၁၂ ကီလိုနှင့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း သုံးတန်တို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

## အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု ချောစန္ဒီအောင် ရရှိ



ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ချောစန္ဒီအောင် (မြန်မာ) ဆုလက်ခံရယူစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၁

၂၀၂၄ အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို နိုဝင်ဘာ ၂၁ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပရာ မြန်မာအသင်း တတိယဆုနှင့် လွဲသော်လည်း ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဂိုးသမားဆုကို ချောစန္ဒီအောင် ရရှိခဲ့သည်။

တတိယ နေရာလုပွဲတွင် အင်ဒိုနီးရှားအသင်းက မြန်မာအသင်းကို လေးဂိုး-တစ်ဂိုး၊ ဗိုလ်လုပွဲတွင် ဗီယက်နမ်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ✪

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ယနေ့ စတင်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နိုဝင်ဘာ နိုင်ငံတကာရက်သတ္တပတ်ကြောင့် ရပ်နားထားသည့် ၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၄) ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၁၄) အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် Dagon Port အသင်း၊ ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍



## မန်စီးတီးအတွက် ဆုဖလား ၁၈ ခု ရယူပေးခဲ့တဲ့ နည်းပြ ဂွါဒီယိုလာ တစ်နှစ်သက်တမ်း ထပ်တိုးချုပ်ဆိုမည်

မန်စီးတီးအသင်းအတွက် ဆုဖလားစုစုပေါင်း ၁၈ ခုအထိ ရယူပေးထားခဲ့ပြီးဖြစ်တဲ့ နည်းပြ ဂွါဒီယိုလာဟာ အီတီဟက်ဒ်မှာ ဆက်ရှိနေဖို့အတွက် စာချုပ်သက်တမ်းကို တစ်နှစ် ထပ်တိုးချုပ်ဆိုဖို့ သဘောတူလိုက်ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❖